ရှေကြည့်မှန်

The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (23-8-2005) (၄၆၉၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများကြောင့် မန္တလေး၊ မုံရွာနှင့် အေးသာယာ(တောင်ကြီး) စက်မှုဇုန်တို့၌ ခေတ်မီ သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စား အခြေခံစက်မှုလုပ်ငန်းများ ပေါ်ထွက် ပြည်တွင်းပြည်ပက မှာကြားအပ်နှံသော အပ်ထည်စက်ပစ္စည်းအစိတ်အပိုင်းများ စတင်ထုတ်လုပ်နေ ပုဂ္ဂလိကပိုင် ခေတ်မီသံထည်ပစ္စည်း ကိုင်တွယ်၊ ပုံလောင်းသည့်စက်မှုလုပ်ငန်း ထူထောင်နိုင်ခြင်းသည် နိုင်ငံတော်အတွက် စက်မှုခေတ်သစ်ကို အရည်အချင်းရှိရှိ ကူးပြောင်းနိုင်မည့် အရေးပါသောအလှည့်အပြောင်းဖြစ်

ရန်ကုန် ဩဂုတ် ၂၂

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းရှိ **Fair Sun Mould and Die Industry** ၏ မိုနှင့်ဒိုင် စက်မှုလုပ်ငန်းစက်ရုံကို ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အားပေးဖြည့်ဆည်းမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေပြည်သာစက်မှုဇုန်ရှိ Fair Sun Mould and Die Industry ၏ မိုနှင့်ဒိုင် စက်မှုလုပ်ငန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၈-၂၀၀၅
(အင်္ဂါနေ့)

သဘာဝအခြေခံကောင်းများ အပြည့်အဝအသုံးချ ရော်ဘာနှင့် စီးပွားဖြစ် သီးနှံများ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ကောင်းမွန်ပြီး သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သော အခြေအနေကောင်းများဖြင့် ပြည့်စုံမှုရှိသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း နေရာဒေသအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့အတွက် အခြေခံအဆောက်အအုံ များစွာကို တည် ဆောက်ပေးလျက်ရှိသည်။

နိုင်ငံအနှံ့ အောက်ခြေဒေသများအထိ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပါမကျန် တိုးတက်ကောင်းမွန်လာလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဩဂုတ်လ ၁၈ ရက်နှင့် ၁၉ ရက်နေ့က မွန်ပြည်နယ်အတွင်း သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မွန်ပြည်နယ် ခရီးစဉ်အတွင်း ကျိုက်ထိုမြို့နယ်တွင်ကျင်းပသော ၂၀၀၅-၂၀၀၆ မွန်ပြည်နယ် ရေတော် မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေး၊ စပါးနှင့် စီးပွားဖြစ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

မွန်ပြည်နယ်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈ ဒသမ ၅ သိန်း စိုက်ပျိုးရန်လျာထားရာ ယခုအခါ ဧက ၇ ဒသမ ၀၂ သိန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိနေသည့် မိုးစပါးများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ရေကျနောက်စိုက်စပါး၊ တစ်မိုးနှစ်သီးစိုက်စပါးများဖြင့် ကြိုးပမ်းစိုက်ပျိုးသွားမည်ဖြစ်သည်။

မွန်ပြည်နယ်သည် ရေမြေရာသီဥတုကောင်းမွန်သဖြင့် မိုးစပါးနှင့် နွေစပါးတို့ကိုသာမက ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ရော်ဘာနှင့်ငရုတ်ကောင်းများကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံးစိုက်ပျိုးနိုင်သည့် ဒေသဖြစ်သည်။ ယခုအခါ ပုဂ္ဂလိကရော်ဘာ စိုက်တောင်သူများနှင့် တိုင်းရင်းသား စိုက်ပျိုးရေး လုပ်ငန်းရှင်များကပါ အင်တိုက်အားတိုက် စိုက်ပျိုးလာလျက်ရှိရာ ပြည်နယ် တစ်ခုလုံး၌ ရော်ဘာစိုက်ဧက လေးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ရော်ဘာကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခွင့်ပေးထားပြီးဖြစ်ရာ ပုဂ္ဂလိက တောင်သူများအနေဖြင့် နိုင်ငံတော်၏ ရော်ဘာထုတ်ကုန်တင်ပို့နိုင်ရေးနှင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအပါအဝင် သီးနှံစိုက်ဧကများ တိုးမြှင့်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုရေး အစီအမံများဖြင့် အားပေးပံ့ပိုးကူညီလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် တိုင်းရင်းသားစိုက်ပျိုးရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသ၏ ရေမြေသဘာဝအခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး ဝင်ငွေတိုး အကျိုးရှိနိုင်သည့် စပါး၊ ရော်ဘာနှင့်အခြားသော စီးပွားဖြစ်သီးနှံများအား တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) လုပ်အားယှဉ်ပြိုင်ဆုနှင့်လုပ်အားဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် (၃၇)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင်ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအတွက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုငွေများကို ဌာနခွဲကော်မတီများအလိုက် ပေးအပ်ချီးမြှင့်ရာ မထသရုံးချုပ်ကော်မတီနှင့်ဝန်ထမ်းများအတွက် ငွေကျပ် ၂၄၃၅၅၃၀၊ ဌာနခွဲ(၁)အတွက် ငွေ ၁၂၅၄၉၃၆၄ကျပ်၊ ဌာနခွဲ(၂) အတွက် ငွေ ၉၀၈၈၃၇၄ ကျပ်၊ ဌာနခွဲ(၃)အတွက် ငွေကျပ် ၁၁၁၈၀၈၄၀၊ ဌာနခွဲ(၄)အတွက် ငွေကျပ် ၇၄၁၄၆၁၀၊ ဌာနခွဲ(၅)အတွက် ငွေ ၇၉၆၅၇၀၂ကျပ်၊ ဌာနခွဲ(၆)အတွက် ငွေ ၇၆၃၆၅၆၅ကျပ်၊ ဌာနခွဲ(၇)အတွက် ငွေ ၈၈၃၅၁၂၄ကျပ်၊ ဌာနခွဲ(၈)အတွက် ငွေ ၁၀၇၁၂၀၀၆ကျပ်နှင့် ဌာနခွဲ(၉) အတွက် ငွေ ၁၂၈၇၃၅၅ ကျပ်တို့ကို ဌာနမှူးနှင့် ဌာနခွဲကော်မတီများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လုပ်အားယှဉ်ပြိုင်ဆု တစ်ဦးချင်းဆုများရရှိသည့် ယာဉ်လိုင်း ၁၀၇ လိုင်းမှ ယာဉ်ပိုင်ရှင် ၃၈၃ ဦး၊ ယာဉ်မောင်း ၃၈၃ဦးနှင့် ယာဉ်နောက်လိုက် ၃၈၃ ဦးတို့အား ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် မထသ ယာဉ်လိုင်းများ ပေါ်၌ ခရီးသည်များထံမှ ခါးပိုက်နှိုက်သူများကို ဖမ်းဆီးပေးသည့် ယာဉ်လုပ်သားများ၊ခရီးသည်များ ကျန်ရှိခဲ့သည့် ပစ္စည်းများကို ရိုးသားစွာ ပြန်လည်အပ်နှံသည့် ယာဉ်လုပ်သားများ၊ ခရီးသည်များကို လူမှုရေးအသိ စိတ်ဓာတ် ရှိစွာဖြင့် ကူညီပေးသည့် ယာဉ်လုပ်သားများ စုစုပေါင်း ယာဉ်လုပ်သား ၁၂၀တို့အား ဂုဏ်ပြုဆုငွေ စုစုပေါင်း ငွေကျပ် ၇၉၅၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ယနေ့ ကျင်းပသည့် အခမ်းအနားတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ ၂၀၀၄/၂၀၀၅ ဘဏ္ဍာရေးနှစ် (၃၇)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ငွေ ကျပ်သိန်း ၆၀၀ နှင့် လုပ်အားဆုချီးမြှင့်ငွေကျပ် ၃၀၆၉၁၆၇၀ စုစုပေါင်း ငွေကျပ် ၉၀၆၉၁၆၇၀ ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် (၃၇) ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆု ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားတွင် ဆုရရှိသော ဌာနမှူးနှင့် ဌာနခွဲကော်မတီများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရွှေမင်းကံကျောင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၄) ရပ်ကွက် ဩဇာလမ်းရှိ ရွှေမင်းကံကျောင်း မိုးကုတ်ဓမ္မရိပ်သာတွင် ဩဂုတ် ၂၇ရက် မွန်းလွဲပိုင်းမှ စက်တင်ဘာ ၂ရက် ညနေအထိ ခုနစ်ရက်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ်ဓမ္မကထိက ဆရာတော် ဦးကေသရ(ပခန်းငယ်)က သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို နာကြားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် သထုံတာယာစက်ရုံစစ်ဆေး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး မှာကြား

ရန်ကုန် ဩဂုတ် ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ ရောက်ရှိရာ ရှေးဦးစွာစက်ရုံရှင်းလင်းဆောင်၌ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာနှစ်တွင် ရော်ဘာများလျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံထားရှိမှု၊ ဇူလိုင်လအထိ ထုတ်လုပ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံအထွေထွေမန်နေဂျာ ဦးမြင့်နိုင်က တာယာအရွယ်အစားမျိုးစုံ ထုတ်လုပ်နိုင်မှု၊ ကုန်ကြမ်းများဖြည့်တင်းထားရှိမှုနှင့် ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာယာစက်ရုံ၌ ကုန်တင်ယာဉ်တာယာများနှင့် မော်တော်ယာဉ်တာယာများ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းနှင့် စက်ရုံအထွေထွေမန်နေဂျာ ဦးမြင့်နိုင်တို့က ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ထုတ်လုပ်သည့်တာယာများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေး၊ ကုန်ကြမ်းများ ဖြည့်တင်းထားရှိရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲရေးမှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဩဂုတ် ၂၀ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘားအံရော်ဘာနှင့် သီဟိုဠ်ခြံသို့ ရောက်ရှိရာ ရှေးဦးစွာ ရော်ဘာခြံ အစည်းအဝေးခန်း၌ ခြံမန်နေဂျာ ဦးလှနိုင်က ရော်ဘာစိုက်ပျိုးထားရှိမှု၊ ရော်ဘာများ ထွက်ရှိမှု၊ ရော်ဘာပင်များ ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရော်ဘာခြံ မန်နေဂျာများအနေဖြင့် ရော်ဘာခြံများအတွင်း လှည့်လည်သွားလာ၍ စိုက်ပျိုးမှု အခြေအနေများကို မျက်ခြည်မပြတ် ကြည့်ရှုဆောင်ရွက်ရန်၊ ရော်ဘာခြံများအတွင်းရှိ ပလပ်မြေများကို ကွင်းဆင်းလေ့လာပြီး စိုက်ပျိုးမြေအဖြစ် ပြုပြင်၍ တိုးချဲ့နိုင်သည်များကို တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘားအံမြို့နယ်ရှိ မြိုင်ကလေး ရော်ဘာနှင့် သီဟိုဠ်ခြံသို့ ရောက်ရှိရာ အစည်းအဝေးခန်း၌ ခြံမန်နေဂျာ ဦးစောနေထွန်းက ရော်ဘာစိုက်ခင်းများ တည်ရှိမှု၊ ၂၀၀၅ ခုနှစ်အတွင်း လအလိုက် ရော်ဘာထွက်ရှိမှု၊ယခုနှစ်တွင် ထုတ်လုပ်ရန်လျာထားမှုနှင့် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် ရော်ဘာပင်ငယ်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး ရော်ဘာမျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေး၊အလေအလွင့်နည်းပါးရေး၊ရော်ဘာပျိုးပင်စိုက်ပျိုးမှုကို အချိန်ဇယား ရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ရေးမှာကြားခဲ့သည်။ (သတင်းစဉ်)



ဂုဏ်ပြုအမှာစကား ပြောကြား

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အာဆီယံအသက် (၂၀) အောက် ချန်ပီယံ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ဘောလုံးအားကစား အောင်မြင်မှုရရှိရေး မိဘပြည်သူ၊ ရဟန်းရှင်လူ ကလေးပါမကျန် လိုလားတောင့်တ လူငယ်ဘောလုံးအသင်း ပြန်လည်ဝင်ရောက်သည့်ခရီး၌ ပြည်သူလူထုကြီးက သောင်းသောင်းဖြဖြကြိုဆို

✻ မြန်မာလူငယ်မှ

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ခံနာယကများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မြန်မာလူငယ်လက်ရွေးစင် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ကျင်းပသော မင်္ဂလာအခမ်းအနားတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်နိုင်ဆုဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်သိက္ခာ အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းဂုဏ်ကို ဖော်ဆောင်နိုင်ခြင်းလည်းဖြစ်သည့်အတွက် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ကြောင်း။

အောင်မြင်မှုများရယူနိုင်

တစ်ချိန်သောအခါက အာရှဘောလုံးလောက၌ သရဖူဆောင်းခဲ့သည့် မြန်မာဘောလုံးအသင်းသည် နှစ်ပေါင်း၃၀ခန့် အောင်နိုင်မှုဆုဖလားနှင့် ဝေးကွာနေခဲ့ရပြီး ၂၀၀၂ခုနှစ်တွင် အသက် (၁၇)နှစ်အောက် အာဆီယံလူငယ် ဘောလုံးချန်ပီယံ၊ ၂၀၀၃ခုနှစ်တွင် အသက် (၁၈)နှစ်အောက် အာဆီယံလူငယ် ဘောလုံးချန်ပီယံနှင့် ၂၀၀၄ခုနှစ်တွင် အသက် (၁၈)နှစ်အောက် ဘင်းမ်စတက်နိုင်ငံများ လူငယ်ဘောလုံးချန်ပီယံများအဖြစ် အောင်မြင်မှုများ တစ်စတစ်စ ပြန်လည်ရယူနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခု ၂၀၀၅ ခုနှစ်တွင် သက်တမ်းအလိုက်ဘောလုံးပြိုင်ပွဲများ၌ အမြင့်ဆုံးအဆင့်ဖြစ်သည့် အသက် (၂၀)အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံအဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာ့ဘောလုံးသမိုင်းသစ်ကို ပြန်လည်စတင်လိုက်ခြင်းဖြစ်သည်ဟုဆိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ သမိုင်းမော်ကွန်းထိုးလောက်သည့် စွမ်းဆောင်မှုကြီးကို စွမ်းဆောင်ပေးခဲ့ကြသော အာဆီယံချန်ပီယံ အသက်(၂၀) အောက်လူငယ်ဘောလုံးအသင်းကို နိုင်ငံတော်ကိုယ်စားသော်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ကိုယ်စားသော်လည်းကောင်း၊ မြန်မာဘောလုံးပရိသတ်ကြီး ကိုယ်စားသော်လည်းကောင်း များစွာ

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အာဆီယံအသက်(၂၀)အောက် ချန်ပီယံမြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုခြင်းအခမ်းအနားတွင် အောင်ပွဲရမြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နှစ်ထောင်းအားရ ချီးကျူးဂုဏ်ပြုပါကြောင်းကို ပထမဦးစွာ ပြောကြားလိုကြောင်း၊ ယနေ့ မြန်မာလူငယ် အသက် (၂၀)အောက်အသင်း၏ အောင်ပွဲသည် မြန်မာ့လက်ရွေးစင် လူကြီးဘောလုံးအသင်းအနေဖြင့် အနာဂတ် နိုင်ငံတကာ ပြိုင်ပွဲများ၌ အောင်ပွဲဆင်နိုင်စေရန်အတွက် သွေးသစ်လောင်းမည့် ခြေလှမ်းသစ်မှတ်တိုင်တစ်ခုကို ပြန်လည်စိုက်ထူပေးခဲ့ခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

တစ်ခဲနက်အားပေးချီးမြှောက်

မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူစဉ်ကာလတွင် **"နိုင်ငံတကာမှာ အားကစားအောင်နိုင်ခြင်းဟာ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေတယ်"၊ "အားကစားအောင်နိုင်မှု အဆင့်အတန်းဟာ နိုင်ငံတော်နဲ့ လူမျိုးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းစေတယ်"** ဆိုသည့် ခံယူချက်ဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို နိုင်ငံတော်အစိုးရက အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး အထူးအားပေးချီးမြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က အားပေးချီးမြှောက်လျက်ရှိသည့် အားလျော်စွာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ၊ စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်ပြည်သူများအပါအဝင် တစ်မျိုးသားလုံးက မြန်မာ့အားကစားပြန်လည်ဦးမော့လာရေးအတွက် တစ်ခဲနက်အားပေးချီးမြှောက်ခဲ့ကြသည်မှာ အံ့သြလောက်အောင်ပင်ဖြစ်ခဲ့ရကြောင်း၊ အထူးသဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အားကစားနည်းအလိုက် တာဝန်ယူပြီး လှိုက်လှိုက်လှဲလှဲ အားပေးချီးမြှောက်မှုများ ပြုလုပ်လာခြင်းသည် ယနေ့မိမိတို့ခေတ်ကာလ၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်ကြောင်း။

မြန်မာ့ဘောလုံးအားကစား အောင်မြင်မှုရရှိရေးကို မြန်မာနိုင်ငံတစ်ရပ်လုံး၌ရှိကြသည့် မိဘပြည်သူ၊ ရဟန်းရှင်လူနှင့်ကလေးများပါမကျန် လိုလားတောင့်တလျက်ရှိနေသည်ဆိုသည်ကို အသက်(၂၀)အောက် အာဆီယံလူငယ်ချန်ပီယံဘောလုံးအသင်း ဩဂုတ် ၂၁ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိပြီး လူငယ်အားကစားလေ့ကျင့်ရေးစခန်းကို ပြန်လည်ဝင်ရောက်သည့်ခရီး၌ ဝါသနာရှင် ပြည်သူလူထုကြီးသည် မိုးဖွဲဖွဲရွာသည့်ကြားက လေဆိပ်မှ စတင်ပြီး လမ်းတစ်လျှောက် လမ်းဘေးဝဲယာမှ သောင်းသောင်းဖြဖြဖြင့် နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်ကို တွေ့မြင်ကြရခြင်းသည် မြန်မာဘောလုံး အောင်မြင်မှုအတွက် မြန်မာတစ်မျိုးသားလုံးဇာတိသွေး၊ ဇာတိမာန် တက်ကြွထက်သန်လျက်ရှိသည်ကို အထင်အရှားပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪

အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး အထူးအားပေး ချီးမြှောက်ခဲ့

"နိုင်ငံတကာမှာ အားကစားအောင်နိုင်ခြင်းဟာ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေတယ်"၊ "အားကစားအောင်နိုင်မှု အဆင့်အတန်းဟာ နိုင်ငံတော်နဲ့ လူမျိုးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းစေတယ်" ဆိုသည့် ခံယူချက်ဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို နိုင်ငံတော်အစိုးရက အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး အထူးအားပေး ချီးမြှောက်ခဲ့။

ကန်သမ္မတ၏ မိစ္ဆာဝင်ရိုးတန်းနိုင်ငံများမူဝါဒ အကျိုးမထူး အရာမထင်ဖြစ်နေဟု သတင်းစာကဝေဖန်

ဝါရှင်တန် ဩဂုတ် ၂၁

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် တစ်ချိန်က မိစ္ဆာဝင်ရိုးတန်းနိုင်ငံများဟု ပြင်းပြင်းထန်ထန်သုံးနှုန်းကာ ထိုနိုင်ငံများနှင့်ကြုံနေရသော ပြဿနာကိုရှင်းလင်းရမည်ဖြစ်ကြောင်း ဝါဒဖြန့် ကြိမ်းဝါးခဲ့သော်လည်း ယခုအခါထိုသုံးနိုင်ငံနှင့် ပတ်သက်သောကိစ္စမှာ ရှေ့မတိုးနိုင်သည့်အပြင် နောက်သို့ပင်ပြန်၍လန်ကျနေသည်ကိုတွေ့ရကြောင်း ဩဂုတ် ၁၇ရက်ထုတ် ဝါရှင်တန်ပို့စ်သတင်းစာတွင် ဝေဖန်ဖော်ပြထားသည်။

ကန်သမ္မတသည် ဝင်ရိုးတန်း သုံးနိုင်ငံ ပြဿနာကိုဖြေရှင်းမည်ဟု လွန်ခဲ့သော သုံးနှစ်ခွဲအချိန်က အာမဝန်ခံခဲ့သည်။ သို့သော် ယခုအချိန်အထိတိုင်အောင် ထိုပြဿနာများမှာ မပြီးမပြတ်သေးဘဲ ၎င်းကို စိန်ခေါ်နေဆဲပင်ဖြစ်သည်ဟု သတင်းစာက ရေးသားထားသည်။

အီရန်နိုင်ငံသည် အမေရိကန်နှင့်ဥရောပနိုင်ငံများ၏ဖိအားပေးမှုကို ဂရုမပြုဘဲ ယူရေနီယမ် လောင်စာသန့်စင်ထုတ်လုပ်ရေးအစီအစဉ်များကို ပြန်လည်စတင်နေပြီဖြစ်သည်။

ကျော်လွန်

နောက်ဆုံး အီရတ်နိုင်ငံ၌လည်း အခြေခံဥပဒေ ရေးဆွဲရေးပြဿနာမှာ သဘောတူညီချက် တစ်စုံတစ်ရာ ရရှိအောင် ညှိနှိုင်းနိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။ ကန့်သတ် သတ်မှတ်ရက်များကိုကျော်လွန်လာခဲ့ပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကန်တပ်ဖွဲ့များကို ဆန့်ကျင် တိုက်ခိုက်နေသော အဖြစ်အပျက်များမှာလည်း ရပ်ဆိုင်းသွားခြင်း မရှိဘဲပြောက်ကျား စစ်မှာတိုက်ခိုက်ဆဲပင်ဖြစ်ကြောင်း သတင်းစာက ထောက်ပြထားသည်။

သုံးသပ်

ဖော်ပြပါ ပြဿနာများမပြီးပြတ်ဘဲ ရှိနေသော အခြေအနေကြောင့်ဘုရှ်၏ မူဝါဒကိုဖုန်းဖုန်းလဲသွားစေသည်အထိ ထိခိုက်စေသည်မဟုတ်ပေ။ သို့ရာတွင် ထိုပြဿနာများကြောင့် အမေရိကန်နိုင်ငံ၏ ပြည်တွင်း လုံခြုံရေးကိစ္စမှာ စိတ်မအေးစရာဖြစ်နေပြီး အဖြေရှာဖွေနေရဆဲ ရှေ့မတိုးသာ နောက်မဆုတ်သာဖြင့်လိပ်ခဲတည်းလည်းအနေအထားသို့ ရောက်နေကြောင်း ဝါရှင်တန်ပို့စ်က သုံးသပ်ရေးသားသည်။

ကန်သမ္မတဘုရှ်သည် ပထမသမ္မတသက်တမ်းကာလက ဆိုးသွမ်းသောနိုင်ငံများဟု၎င်းသုံးနှုန်းသောနိုင်ငံများကို ရင်ဆိုင်ရာ၌ စစ်ရေးအရ လက်ဦးမှုရယူရမည်ဟု ကျယ်ကျယ်လောင်လောင် ပြောကြားခဲ့သည်။ ၂၀၀၃ ခုနှစ်အီရတ်ကျူးကျော်စစ်လွန် ကာလပိုင်းတွင်မူ ဘုရှ်ထံမှထိုအသံများ အတန်တိတ်ဆိတ်နေသည်ကိုတွေ့နေရသည်ဟုဆိုသည်။

ယခုအခါ သမ္မတဘုရှ်သည်မကြွေးဝါးတော့ဘဲ သံတမန်နည်းအရ ဖြေရှင်းနေပြီး အီရတ်ကိစ္စကိုလည်း အာရုံစိုက်နေရပြန်သည်။သို့ရာတွင်လက်ရှိကျင့်သုံးနေသည့် ပြဿနာများကို အခြေအနေအလိုက်ကြုံသလို လက်ပူတိုက်ဖြေရှင်း သောနည်းသည်လည်း ခရီးမရောက်လှဘဲ ရှုပ်ရှုပ်ထွေးထွေး ရလဒ်များကိုသာ ရရှိသည်ဟု သတင်းစာကဝေဖန်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းတွင် လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာကြီး ပူနွေးလာမှုပြဿနာ ဖြေရှင်းနိုင်ရေး အစီအစဉ်များ ရေးဆွဲချမှတ်ရန် လိုအပ်

ကိုပင်ဟေဂင် ဩဂုတ် ၂၁

ကမ္ဘာကြီးပူနွေးမှုနှင့် သက်ဆိုင်သော ပြဿနာများအား အဖြေရှာသည့် ဆွေးနွေးပွဲတစ်ရပ်ကို မြောက်အမေရိက အရှေ့မြောက်ပိုင်းရှိ ဂရင်းလန်ကျွန်းတွင် ကျင်းပခဲ့မှုမှာ သောကြာနေ့တွင် ပြီးစီးသွားပြီ ဖြစ်သည်။ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပြဿနာများ ဖြေရှင်းရာတွင် လုပ်ဆောင်နိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအတွင်း သဘောကွဲလွဲမှုများ ရှိနေဆဲဖြစ်လင့်ကစား တစ်နိုင်ငံနှင့် တစ်နိုင်ငံ အငြင်းပွားမှုများ အဆုံးသတ်ကာ လိုအပ်သည့် အရေးယူဆောင်ရွက်ရေး အစီအစဉ်များကို ရေးဆွဲချမှတ်ဆောင်ရွက်သွားကြရန် အိမ်ရှင်နိုင်ငံဖြစ်သည့် ဒိန်းမတ်နိုင်ငံက တိုက်တွန်းလိုက်သည်။

လေးရက်ကြာ

ကမ္ဘာကြီးပူနွေးလာမှု ပြဿနာနှင့်ပတ်သက်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြစ်တင်နေမှုများ အဆုံးသတ်သင့်ကြပြီဖြစ်ကြောင်း ဒိန်းမတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကွန်နီဟက်ဒီဂတ်က လေးရက်ကြာ ကျင်းပခဲ့သောဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရေးဆွဲချမှတ်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာသည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးအတွက် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရေးဆွဲချမှတ်ကာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့် သက်ဆိုင်သော ပြဿနာများကို အဖြေရှာရန် အာတိတ်စက်ဝိုင်း မြောက်ဘက် အီလူလိုင်ဆက်မြို့တွင် ကျင်းပခဲ့သည့် အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် ဂရင်းလန်ကျွန်းရှိ ရေခဲမြစ်တစ်ခုရှိရာသို့ လေ့လာရေး သွားရောက်ခဲ့ကြသည်။ ဂရင်းလန်ကျွန်းရှိ ရေခဲမြစ်သည် မကြာသေးမီနှစ်များမှစ၍ အရည်ပျော်ဆင်းမှု အခြေအနေ ပိုမိုလျင်မြန်လာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီတစ်ဝန်း တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွား

လစ္စဘွန်း ဩဂုတ် ၂၂

မိုးခေါင်မှုဒဏ် ခံစားနေရသော ပေါ်တူဂီနိုင်ငံတစ်ဝန်းတွင် တောမီးလောင်ကျွမ်းနေမှုများကို ငြိမ်းသတ်နိုင်စေရေးအတွက် မီးသတ်လေယာဉ်များ အကူအညီပေးရန် ပေါ်တူဂီအစိုးရက အခြားဥရောပနိုင်ငံများအား ပန်ကြားထားကြောင်း မီးသတ်ဌာနက စနေနေ့တွင် ပြောကြားသည်။

ပေါ်တူဂီနိုင်ငံတစ်ဝန်းတွင် နေရာပေါင်း ၅၀နီးပါး၌ တောမီးလောင်ကျွမ်းလျက်ရှိပြီး မီးသတ်သမား ၃၆၀၀ ဦးခန့်က မီးငြိမ်းသတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ပေါ်တူဂီနိုင်ငံအလယ်ပိုင်း ပမ်ဖီဟိုဆာဒါဆာရာမြို့အနီးတွင် လောင်ကျွမ်းနေသည့် တောမီးမှာ အဆိုးရွားဆုံးလောင်ကျွမ်းသည့် တောမီးဖြစ်ပြီး မီးသတ်သမား ၂၀၀ခန့်က ငြိမ်းသတ်လျက်ရှိသည်။ မီးသတ်သမားများသည် အဆိုပါ တောမီးကို ငြိမ်းသတ်နိုင်ရန် ငါးရက်ကြာမျှ ကြိုးပမ်းခဲ့ကြပြီးနောက် သောကြာနေ့တွင် ယင်းဒေသ၌ပင် တောမီးလောင်ကျွမ်းမှု ပြန်လည်ဖြစ်ပွားခဲ့သည်။

ယခုအချိန်အထိ သစ်တောမြေ ဟက်တာ ၁၃၄၅၀၀ (ဧက ၃၃၇၀၀၀) ခန့်တွင် တောမီးလောင်ကျွမ်းခဲ့ပြီးဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့များကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဟောင်ကောင်တွင် မြေပြို လူတစ်ဦး သေဆုံး

ဟောင်ကောင် ဩဂုတ် ၂၁

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူတစ်ဦးသေဆုံး ခဲ့ကြောင်း ဟောင်ကောင်ရေဒီယိုနှင့်ရုပ်မြင်သံကြားက စနေနေ့ညပိုင်းတွင် ကြေညာသည်။

စနေနေ့တွင် မြေပြိုကျသည့်ဖြစ်ရပ်ပေါင်း ၅၉ ခုထက်မနည်း ဖြစ်ပွားခဲ့သည်။ ဟောင်ကောင်မြို့သစ်ဒေသရှိ ရွာတစ်ရွာတွင် မြေပြိုကျရာမှ လူတစ်ဦး သေဆုံးခဲ့သည်။

ဟောင်ကောင်မြို့သစ်ဒေသရှိ အခြားရွာတစ်ရွာတွင်လည်း မြေပြိုမှုဖြစ်ပွားရာ ရွာသား ၁၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ဩဂုတ် ၁၉ရက်က ဖြစ်ပွားသော လမ်းဘေး ဗုံးပေါက်ကွဲမှုတွင် ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ရသည်ဟု ကန်စစ်ဘက်သတင်းများက ဖော်ပြသည်။

၎င်းကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၄၂) စစ်ရဲတပ်ဖွဲ့တွင်တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ ၎င်းကို ဆေးဝါးကုသမှုပေးရန် စစ်ဆေးရုံသို့ သယ်ဆောင်သွားစဉ် သေဆုံးသွားရခြင်းဖြစ်ကြောင်း အကျဉ်းမျှသာ ဖော်ပြထားသော ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ထိုတပ်ဖွဲ့ဝင် သေဆုံးရသည့်သတင်းကို ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်၍ ၎င်း၏အမည်ကို ထုတ်ဖော်ခြင်းမရှိဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့များ အီရတ်ကို စတင်ကျူးကျော်ကြသော ၂၀၀၃ခုနှစ်မတ်လမှစ၍ ယနေ့အထိ ထိုနိုင်ငံတိုက်ပွဲများအတွင်း၌ သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၈၆၀ ကျော်သွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖော်လူဂျာမြို့ နှစ်နေရာတွင် တိုက်ခိုက်ခံရ အီရတ်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၁

ခုခံဆန့်ကျင်မှုပြင်းထန်သောဖော်လူဂျာမြို့တွင် အမေရိကန်နှင့်အီရတ်စစ်ဘက်ကင်းလှည့်အဖွဲ့ကို ခုခံရေးသမားများက ဩဂုတ် ၂၀ရက်ကဗုံးထောင်တိုက်ခိုက်ရာ အီရတ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ဒေသခံများကပြောကြားကြသည်။

ကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ဖော်လူဂျာမြို့တွင်း ကင်းလှည့်လာကြစဉ် ပြောက်ကျားများကလက်ပစ်ဗုံးဖြင့်တိုက်ခိုက်ခဲ့သည့်အတွက် အီရတ်တပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားပြီး ငါးဦးဒဏ်ရာရခဲ့ကြသည်။ တိုက်ခိုက်ခံရလျှင်ခံရချင်း ကန်တပ်ဖွဲ့များသည် အနီးဝန်းကျင်သို့ မဆင်မခြင်ပစ်ခတ်ခဲ့ကြသည့်အတွက် အခင်းဖြစ်ပွားရာနေရာအနီး ရောက်ရှိနေကြသော အရပ်သားအများ အပြားထိခိုက်သေကျေကြရကြောင်း မြို့ခံများကပြောကြားကြသည်။

ဖော်လူဂျာမြို့ပြင်ရှိ ဂျော်ဒန်ဆေးရုံသို့တိုက်ခိုက်မှုဖြစ်ပွားရာနေရာမှ အရပ်သား အလောင်းနှစ်လောင်းနှင့်ဒဏ်ရာရသူရှစ်ဦးတို့ရောက်ရှိလာကြောင်း ဆေးရုံမှအရာရှိအစ္စမေးလ်အဗ္ဗဒူလာတစ်ဖ်ကဆင်ဟွာသတင်းဌာနသို့ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံအသက်(၂၀)အောက် ချန်ပီယံ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား တွေ့ရစဉ်။
(သတင်းစဉ်)

ရရှိပြီးသည့်အောင်မြင်မှုများ အချိန်တိုအတွင်း ဆုံးရှုံးမသွားရအောင် မပေါ့သောသတိ၊ မလျှော့သော ဇွဲ လုံ့လ ဝီရိယဖြင့် ကြိုးစားအားထုတ်

စာမျက်နှာ ၃ မှ

ထို့ကြောင့် အားကစားသမားများအနေဖြင့်လည်း ပြည်သူလူထု၏ မကြုံစဖူး ထူးထူးကဲကဲ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ် မြင့်မားခိုင်မာမှုတို့ပေါင်းစပ်ပြီး နိုင်ငံတကာပြိုင်ပွဲများ၌ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် ဆက်လက်အလေးအနက်ထား ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

ရည်မှန်းချက်

မြန်မာဘောလုံးဝါသနာရှင် ပရိသတ်များအနေဖြင့် နေ့စဉ်နှင့်အမျှ တီဗွီထဲ၌ ကမ္ဘာ့ဘောလုံးပြိုင်ပွဲများကို မြင်တွေ့နေကြရကြောင်း၊ ကမ္ဘာ့ဘောလုံးပြိုင်ပွဲ အဆင့်များနှင့် ယှဉ်လိုက်လျှင် မိမိတို့မြန်မာ့ဘောလုံးအဆင့်အတန်းသည် များစွာ နိမ့်ကျနေသေးသည်ကို အမှန်အတိုင်းမြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် အာဆီယံ၌ ထိပ်ဆုံးကရှိနေရန်၊ အာရှ၌ တစ်ချိန်တုန်းကကဲ့သို့

ကျေးဇူးတင်စကား ပြောကြား



အာဆီယံ အသက် (၂၀) အောက် ချန်ပီယံမြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်း ခေါင်းဆောင် အောင်မျိုးသန့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။
(သတင်းစဉ်)

ရေပန်းစားနိုင်ရန်၊ ကမ္ဘာ့ဘောလုံးအဆင့်ထဲကို ထိုးဖောက်တိုးဝင်နိုင်ရန်တို့ ဖြစ်ကြောင်း။

ထို့ကြောင့်အောင်မြင်မှုရလဒ်အချို့ကိုရရုံဖြင့်အားရကျေနပ်တင်းတိမ်မနေဘဲ ရည်မှန်းချက် မြင့်မြင့်မားမားထားပြီး အာဆီယံအဆင့်မှသည် အာရှအဆင့်သို့၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်သို့ တိုးဝင်ထိုးဖောက်နိုင်အောင် ဇွဲ လုံ့လ ဝီရိယကြီးမားစွာဖြင့် မရပ်မနားကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း၊ နည်းစနစ်မှန်ကန်မှု၊ လေ့ကျင့်သားပြည့်ဝမှု ကျန်းမာကြံ့ခိုင်မှုနှင့် ဇွဲလုံ့လဝီရိယ ရှိမှုတို့သည် ပြိုင်ပွဲများ၌ အောင်မြင်မှုအတွက် အခြေခံအကြောင်းရင်းများ ဖြစ်ကြောင်း။

ထို့ကြောင့်ယခုထက်မကအောင်မြင်မှုများရအောင်၊ ရရှိပြီးသည့် အောင်မြင်မှုများကိုလည်း အချိန်တိုအတွင်း ပြန်လည်လက်လွတ်ဆုံးရှုံးသွားရသည်မျိုးမဖြစ်ရအောင်၊ ရေရှည်ထိန်းသိမ်းထားနိုင်အောင် မပေါ့သောသတိ၊ မလျှော့သော ဇွဲ လုံ့လ ဝီရိယ တို့ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဆက်လက်အားထုတ်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အောင်ပွဲရ အသက် (၂၀)အောက် မြန်မာလူငယ်ဘောလုံးအသင်းမှ ဘောလုံးအားကစားသမားများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများတစ်ခဲနက် အားပေးချီးမြှောက်နေသည့် အခြေအနေအချိန်အခါကောင်းတွင် ရရှိခဲ့ပြီးဖြစ်သည့် အောင်မြင်မှုများကို အနာဂတ်သို့တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်စေရန်အတွက် မလျှော့သော ဇွဲ လုံ့လ အားမာန် စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါ၊ မြန်မာ့လက်ရွေးစင်လူကြီးဘောလုံးအသင်း၌ ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများအဖြစ် ပါဝင်နိုင်ရေးကို ဆက်လက်ပြီး အလေးထားကြိုးပမ်းသွားကြပါ၊ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလတွင် မြန် မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာရှအဆင့် အသက် (၂၀) အောက်ခြေစစ်ပြိုင်ပွဲ၌ပြိုင်ဘက်နိုင်ငံများကို ထိုက်ထိုက်တန်တန် ပြတ်ပြတ်သားသားအနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ရေးနှင့် အာရှလူငယ်ချန်ပီယံဖြစ်ရေးအတွက် ယခုကတည်းက စနစ်ကျသည့် လေ့ကျင့်ရေးစီမံချက်များဖြင့် ဆက်လက်ကြိုးပမ်းသွားကြပါ၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် "ဒို့မြန်မာနိုင်ပြီ"ဆိုသော သီချင်းသံအမြဲမပြတ် ပျံ့လွင့်နေအောင် အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းသွားကြပါဟု အလေးအနက်တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပြိုင်ပွဲဝင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများကို စေတနာရှင် အလှူရှင်များကပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီက ငွေကျပ်သိန်း၃၀၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ငွေကျပ်သိန်း၂၀၊ ဦးတေဇ (ထူးဒရေးဒင်းကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း၃၀၀၊ ဦးဇော်ဇော် (မက်စ်မြန်မာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း၂၀၀၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်၁၁၅သိန်း၊ ဧရာရွှေဝါကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း၅၀၊ ဒေါက်တာဇော်ထွန်း–ဒေါ်ငွေငွေ (SSC) နှင့် ဦးရွှေကြိုင်(ဝါဝါဝင်းဆောက်လုပ်ရေး)တို့က ငွေကျပ်သိန်း၃၀စီတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးအောင်မော်သိန်း(Gold Roast) နှင့် တံခွန်ဘောလုံးအသင်းတို့က ငွေကျပ်၂၅သိန်းစီ၊ ဦးအောင်ထွေး (မန်နေဂျင်းဒါရိုက်တာ Golden Flower Construction) နှင့် ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)တို့က ငွေကျပ်သိန်း၂၀စီ၊ မောင်ဝိတ်မိသားစု ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ ဦးကျော်ဝေ–ဒေါ်ဆွေသဇင်(အောင်ကောင်းကျော်ကုမ္ပဏီ)၊ ဦးဇော်ထွန်း (Sun Tech)၊ ဦးဇော်လတ်(Family Entertainment)၊ ဦးရန်ဟိုး(Asia Metal Construction)၊ ဦးအောင်အောင် (ရဲတံခွန်ကုမ္ပဏီလီမိတက်)နှင့် ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးအောင်မြင့်မိသားစု၊ Myanmar Kaido ကုမ္ပဏီလီမိတက်မိသားစု၊ ဦးဝေစိုး–ဒေါ်နန်းလိတ်မိသားစု၊ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မိသားစုနှင့် SPA Co.,Ltd မိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံကြသည်။

အောင်ပွဲရမြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား အလှူရှင်များ၏ လှူဒါန်းမှု စုစုပေါင်းမှာငွေကျပ် ၁၀၀၅သိန်းဖြစ်သည်။

ဂုဏ်ပြုဆုငွေများပေးအပ်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အောင်ပွဲရမြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများကိုချီးမြှင့်ရာ အသင်းကိုယ်စားမြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ် ဦးတင်ဟန်တို့က လက်ခံကြသည်။

ရှင်းလင်းတင်ပြ

အောင်ပွဲရ မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်း အုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပြိုင်ပွဲဝင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့နောက်အောင်ပွဲရမြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းခေါင်းဆောင် အောင်မျိုးသန့်က ကျေးဇူးတင်စကားပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီဆိုဖျော်ဖြေ

အခမ်းအနားအပြီးတွင် အောင်ပွဲရ အာဆီယံအသက် (၂၀) အောက် ချန်ပီယံ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ညစာသုံးဆောင်နေစဉ် အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားသုံးအပြီးတွင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း၏ ပြိုင်ပွဲမှတ်တမ်းတင် ဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မန္တလေးအသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မန္တလေးအသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်လည် စုံညီအစည်းအဝေး၊ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ မန္တလေးချမ်းသာကြီး ဆန်လှူအသင်း စုပေါင်းဆွမ်းဆန်တော် လှူဒါန်းပွဲကို ဩဂုတ် ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်အသီးသီးမှ နောက်ဆုံးနှစ်ဂုဏ်ထူးရရှိသူ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ အသင်းဝင်သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါ၍ အထောက်အထားများနှင့် ဩဂုတ်၂၇ရက်ညနေ ၄နာရီနောက်ဆုံးထားပြီး အသင်းတိုက်ရုံးခန်း ဖုန်း– ၂၈၆၀၉၉ သို့ ဆက်သွယ်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

(က–ပ)

ဒလ အထက(၁) မိုးရာသီ သိုင်းသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၂

ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးရာသီ မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ဩဂုတ် ၂၀ ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ သိုင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ **(အောက်ပုံ)**

သင်တန်းသို့သင်တန်းသား ၅၃ ဦးတက်ရောက်ပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှနည်းပြဆရာ ဦးမြင့်အောင်က သင်ကြားပြသပေးခဲ့ကြောင်းသိရသည်။ (၃၁)



အမျိုးသားရေးနှင့် စာပေလောကအနေအထား

ခြင်ကျား(မအူပင်)

"ယခုလို အခြေအနေတွင် မိမိအနေဖြင့် သတိပြုမိတာတစ်ခု ရှိပါကြောင်း၊ ၎င်းမှာ 'အမျိုးသားရေးနှင့် စာပေလောကအနေအထား' ပင်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် ပြည်ပဆရာကြီးများနှင့် နောက်လိုက်နောက်ပါ အကြမ်းဖက်အုပ်စုများက နိုင်ငံတော်အား မြေပေါ်မြေအောက်နှင့် ပြည်ပ သုံးဖက်သုံးတန် ညှပ်တိုက်ရန် ကြံစည်ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်တွင် တစ်မျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားလုံခြုံရေး၊ အမျိုးသားကာကွယ်ရေးကိစ္စရပ်များ ပေါ်ပေါက်လာတတ်ပါကြောင်း"

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း(၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားခဲ့သော အမှာစကားတစ်ပိုဒ်ဖြစ်သည်။ ထိုအမှာစကားထဲ၌ **"အမျိုးသားရေးနှင့် စာပေလောကအနေအထား"**ဟူသော စကားတစ်ရပ်ကို အထူးဂရုပြုမိသည်။ ထိုအခါ အမျိုးသားရေးနှင့် စာပေလောကအနေအထား၏ သမိုင်းဦးကို ပြန်လည်သုံးသပ်မိပေသည်။

မြန်မာတို့သည် ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ နှစ်ပေါင်း ၈၀၀ ကျော်တိုင် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုဖြင့် စည်ပင် ဝပြောစွာ နေထိုင်ခဲ့ကြသည်။ သီပေါမင်း ပါတော်မူပြီးနောက် တစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်ကျရောက်သည့် အချိန်မှစ၍ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု ညှိုးမှိန်လာခဲ့ရသည်။ မြန်မာတို့၏ အသက်သွေးကြောဖြစ်သော မြန်မာစာပေ၏ နေရာတွင် လူမျိုးခြား အင်္ဂလိပ် စာပေက အစားထိုးဝင်ရောက်လာသည်။ လူမျိုးနှင့်စာပေသည် ဆက်စပ် ယှက်နွယ်လျက်ရှိရာ ရေမြင့်-ကြာတင့် ဆိုသကဲ့သို့ လူမျိုး နိမ့်ပါးလာသောအခါ စာပေပါ နိမ့်ပါးလာခဲ့သည်။

နယ်ချဲ့ခေတ်တွင် စာပေပျောက်၍ လူမျိုးပျောက်မည့်အရေး အလေးထားမိသော တို့ဗမာအစည်းအရုံး ကြီးက ကြွေးကြော်သံတစ်ရပ်ဖြင့် တပ်လှန့်နှိုးဆော်ခဲ့သည်။ ဤကား **"ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကိုချီးမြှင့်ပါ၊ တို့စကားကိုလေးစားပါ"**ဟူသော ကြွေးကြော်သံပင်တည်း။

၁၉၂၀ ပြည့်နှစ်မှစ၍ မြန်မာစာပေကို အလေးအနက်ထား သင်ကြားပေးခဲ့သော အမျိုးသားကျောင်းများ ဖွင့်လှစ်ခဲ့သည်။ မြန်မာစာ၊ မြန်မာစကားကို လေးစားချီးမြှင့်အလေးမူ၊ အရေးယူတန်ဖိုးထားကြရန် **"မြန်မာစာပေ စင်ကြယ်ရေးအဖွဲ့"**ကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ တက္ကသိုလ်နယ်မြေတွင်လည်း ဆရာကြီး ဦးဖေမောင်တင် ဦးစီးကာ **"မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း"**ကို ထူထောင်လျက် **"ဂန္ထလောက"** မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ဂန္ထလောက မဂ္ဂဇင်းသည် ခေတ်ပညာတတ်လူငယ်များအား ခေတ်အမြင်ဖြင့် ခေတ်အတွေးတို့ကို မျက်စိဖွင့်ပေးခဲ့ပြီး ခေတ်ဆန်းစာပေပေါ်ထွန်းလာစေရန် အုတ်မြစ်ချပေးခဲ့သည်။

၁၉၃၃ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ကလောင်အမည် "မောင်"ကလည်းကောင်း၊ ဇွန်လ ၁၈ ရက်နေ့ထုတ် သူရိယသတင်းစာ၌ "ကြွက်စုတ်ကြီး"အမည်ခံ ဆောင်းပါးရှင်က လည်းကောင်း မြန်မာစာပေမြှင့်တင်ရေးနှင့် စာရေးဆရာ အသင်းဖွဲ့စည်းရန် လှုံ့ဆော်ရေးသားခဲ့ကြသည်။ ဤသို့ လှုံ့ဆော်ရေးသားချိန်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာရေးဆရာအသင်း မပေါ်ပေါက်သေးသော်လည်း ၂-၃-၃၂ ရက်နေ့ထုတ် သူရိယသတင်းစာ၌ သာဝတ္ထိမြို့တွင် စာရေးဆရာအဖွဲ့ ဖွဲ့စည်းပြီးကြောင်း ကြေညာချက်တစ်ခုပါရှိခဲ့သည်။

၁၉၃၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့၌ ရန်ကုန်မြို့မှ စာရေးဆရာ၊ သတင်းစာဆရာများ ရန်ကုန်အရှေ့ပိုင်း ပုဇွန်တောင် ဆရာစာဥယျာဉ်တွင် အနာဂတ်စာပေရေးရာနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြဖူးသည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်အရှေ့ပိုင်း ခရစ်လမ်း(ယခု-ဗိုလ်မြတ်ထွန်းလမ်း)ရှိ မက်သဒစ်ကျောင်းခန်းမ၌ သတင်းစာဆရာများနှင့် စာရေးဆရာများ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ ထို့နောက် **"မြန်မာပြည် စာရေးဆရာများ အစည်းအရုံး"** ကို ဖွဲ့စည်းခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့ခေတ်တွင် ဖွဲ့စည်းခဲ့သော စာရေးဆရာအသင်း ကြီးသည် မြန်မာပြည်ကို ကူးစက်လာသောစစ်ကြီးနှင့်အတူဖက်ဆစ်အဝင်၌ အလိုအလျောက် ပျက်သွားခဲ့လေသည်။

မြန်မာ့သမိုင်းတွင် မြန်မာပြည်သား အပေါင်းတို့သည် ဖက်ဆစ်တို့၏ ဆိုးမွေအား ကျောကော့ ခံစားနေခဲ့ကြရာမှ ဗြိတိသျှနယ်ချဲ့ခေတ်၌ မရှိခဲ့ဖူးသော ဗမာ့တပ်မတော်ကို စစ်ပညာ စနစ်တကျ တတ်ကျွမ်းရန် စစ်ကျောင်းဖြစ်ထွန်းလာခြင်း၊ မြန်မာပြည် စာရေးဆရာအသင်းနှင့် စာဆိုတော်နေ့ ပေါ်ပေါက်လာခြင်းတို့ကား ဖက်ဆစ်ခေတ်၏ ဆိုးမွေကြားမှ ကောင်းမွေတစ်ခုအဖြစ် မီးရှူးသန့်စင်ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာတိုင်းရင်းသား အပေါင်းတို့သည် စစ်ဒဏ်ကြောင့် လူမှုရေး၊ စီးပွားရေး အလုပ်အကိုင်များစွာ ပျက်ပြားခဲ့ကြရပေသည်။ အများဆုံး ထိခိုက်ခံရသူများထဲတွင် စာရေးဆရာများလည်း ပါဝင်လာရာ စာရေးဆရာများ၏ အကျိုးစီးပွား အခွင့်အရေးများကို ကာကွယ်တိုးမြှင့်နိုင်ရန်အတွက် တစ်နိုင်ငံလုံးရှိ စာရေးဆရာများ တပေါင်းတစည်းတည်း ဖွဲ့စည်းရန် လိုအပ်လာသည်။ ထို့ကြောင့် ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ရန်နိုင်ဈေး(ယခုဗိုလ်ချုပ်ဈေး)အပေါ်ထပ်ရှိ ကျန်းမာရေး ပြတိုက်ခန်း၌ အစည်းအဝေးကျင်းပခဲ့လေသည်။ ထိုအစည်းအဝေးသို့ စာရေးဆရာ ၇၀ ကျော်မျှ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးမှ စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းသူ၊ ဝါသနာပါ၍ စာအုပ်စာတမ်းရေးသားထုတ်ဝေသူများ ပါဝင်နိုင်ခွင့်ရှိသည့် မြန်မာပြည် စာရေးဆရာအသင်းကို ဖွဲ့စည်းခဲ့ကြလေသည်။

မြန်မာပြည် စာရေးဆရာအသင်းဖွဲ့စည်းရခြင်း၏ အဓိက ရည်ရွယ်ချက်များမှာ မြန်မာပြည်သားတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် ကမ္ဘာ့စာပေများကို အသင်းမှစီစဉ်ပြန်ဆိုရန်၊ တိုင်းပြည်ထူထောင်ခြင်းကို ကူညီအားပေးခြင်းပြုရန်၊ ကမ္ဘာ့စာရေးဆရာများနှင့် နီးနှောဆက်ဆံမှု ရရှိရန်အတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊ မြန်မာစာရေးဆရာများ၏ အဆင့်အတန်းကို တိုးတက်မြှင့်တင်ရန်၊ မြန်မာစာရေးဆရာများ၏ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမှုကိုဖြစ်စေသော စာပေကြီးပွားမှုနှင့်ပတ်သက်သည့် အသင်းပိုင်စီးပွားရေးလုပ်ငန်း ထူထောင်ရန်တို့ပင်ဖြစ်သည်။

ထိုရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် စာကြည့်တိုက်၊ပိဋကတ်တိုက်တည်ထောင်၍ ပြည်သူတို့၏ စာပေဗဟုသုတပြန့်ပွားရန် ဆောင်ရွက်ခြင်း၊ စာပေဆွေးနွေးဟောပြောပွဲများကျင်းပခြင်း၊ ပညာပြန့်ပွားရေးအတွက် စာရွက် စာတမ်းများ ရိုက်နှိပ်ဝေငှခြင်း၊ အသင်းဝင်စာရေးဆရာများ၏ စာအုပ်စာတမ်းများကို စစ်ဆေးရွေးချယ်၍ ပုံနှိပ်ထုတ်ဝေရောင်းချပေးခြင်း၊ စာအုပ်ကုမ္ပဏီလီမိတက် တည်ထောင်ပေးခြင်း၊ ကမ္ဘာ့စာရေးဆရာအစည်းအရုံးနှင့် ဆက်သွယ်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ကိုယ်စားလှယ်စေလွှတ်၍ စာပေဖွံ့ဖြိုးမှုအတွက် စုဆောင်းရှာဖွေခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။

၁၃၀၄ ခုနှစ် နတ်တော်လတွင် မြန်မာပြည်စာရေးဆရာအသင်းကြီးက စာရေးဆရာအမည်ရှိ လစဉ် စာစောင်အမှတ်(၁)ကို ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။ သူရိယ မဂ္ဂဇင်းကဲ့သို့ အရွယ်ကြီးဆိုက်ကြီးနှင့် စာမျက်နှာ (၈၄)မျက်နှာ ပါရှိသည်။

ထိုစာရေးဆရာ စာစောင်အဖွင့် စာမျက်နှာ(မျက်နှာဖုံး)တွင် အထူးအချပ်ပိုအဖြစ် မြန်မာပြည်ကာကွယ်ရေးတပ်မတော်၏ တက်သစ်စ မြန်မာပြည်သား ကြေညာချက်ကို တခမ်းတနားဖော်ပြခဲ့သည်။ ဗမာ့ကာကွယ်ရေး တပ်မတော်မှ မြန်မာပြည်ကြီးကို ချစ်ခင်ကြသော မြန်မာလူငယ်များ ဗမာ့ကာကွယ်ရေးတပ်သို့ ဝင်ကြရန် စစ်သားစုဆောင်းရေး လှုံ့ဆော်ချက်များကို ထည့်သွင်းဖော်ပြပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ဖက်ဆစ်တို့စိုးမိုးစဉ် ကာလအတွင်း ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီးက ဦးဆောင်၍ စာဆိုတော်နေ့ ကျင်းပခဲ့သည်။ ပထမဆုံး စာဆိုတော်နေ့၏ ထူးခြားချက်မှာ ဦးပုည၏ ဝိဇယပြဇာတ်ကို ရွေးချယ် ကပြကြခြင်းပင် ဖြစ်သည်။ ထိုခေတ်ကာလတွင် ဖက်ဆစ်တို့သည် ပြည်သူကို အမျိုးမျိုး ဖိနှိပ်ညှဉ်းဆဲကြသည်။ ပြည်သူကလည်း မတုံ့ပြန်ရဲဘဲ ခေါင်းငုံ့၍ လည်စင်းခံရသည်။ မတရားမှုကိုမခံ တော်လှန်ရေး အသိစိတ်ဓာတ်ဝင်လာစေရန် ပြည်သူအား ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေး လမ်းကြောင်းကို ဖော်ပြသည့်အနေဖြင့် ဝိဇယပြဇာတ်ကို ရွေးချယ် ကပြခဲ့သည်။

စာရေးဆရာအသင်းကြီး၏စေတနာအရင်းခံမှာ ဝိဇယပြဇာတ်ကို ကပြခြင်းဖြင့် ရမ်းကားဆိုးညစ်သော ဖက်ဆစ်စနစ်ကြောင့် ပြည်သူတို့ နစ်နာမှုကို နိုးကြားစေရန်၊ အမျိုးသားချင်း စည်းလုံးညီညွတ်ရန်နှင့် မိမိအမျိုးသားအပေါ် သစ္စာဖောက်ပါက တစ်မျိုးသားလုံးပျက်စီးရကြောင်း သတိပြုဆင်ခြင်နိုင်ရန် ရည်ရွယ်ကပြခဲ့သည်။ ထိုအခါ အကင်းပါးသော ဖက်ဆစ်တို့က စာရေးဆရာအသင်းကို အာရုံစိုက်လာသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်ဦးဆောင်သော ပြည်သူတစ်ရပ်လုံးက ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကြလေသည်။ အချို့ စာရေးဆရာများသည် မြန်မာ့တပ်မတော်တွင် ပါဝင်၍ စစ်သည်စာဆိုအဖြစ် ခံယူခဲ့ကြလေသည်။ တပ်မတော်သည်လည်း အမျိုးသားနိုင်ငံရေးဖြစ်သော ဖက်ဆစ်တော်လှန်ရေးကို နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်စားပြု ဆင်နွှဲခဲ့သောကြောင့် အမျိုးသားတပ်မတော် တစ်ရပ်အဆင့်ကို ရောက်ရှိလာသည်။

ဤကဲ့သို့ ဖက်ဆစ်ခေတ်တွင် ပြည်သူထဲမှ တပ်မတော်မွေးဖွားခဲ့၍ ပြည်သူထဲမှ စာရေးဆရာ အသင်းကြီးလည်း ပေါ်ထွန်းလာခဲ့သည်။ တပ်မတော်နှင့်ပြည်သူ ခွဲခြားမရသကဲ့သို့ ပြည်သူနှင့်စာရေးဆရာမှာ တစ်သားတည်းဖြစ်သည်။ တပ်မတော်သည် လက်နက်စွဲကိုင်၍ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရသကဲ့သို့ စာရေးဆရာတို့သည်လည်း ကလောင်လက်နက်ဖြင့် မျိုးချစ်စိတ်ဓာတ်အစဉ်နိုးကြားတက်ကြွစေပြီး တိုင်းပြည်ကြီးထွားဖွံ့ဖြိုး အမျိုးဂုဏ်မြင့်မားရေးအတွက် အသိမှန်၊အမြင်မှန်လျက်ပြည်သူတို့ လမ်းမှန်ရောက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာ စာရေးဆရာတို့၏ကြီးမားလေးနက်သောအမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။

၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အရေးအခင်းသည် အမျိုးသားလုံခြုံရေးကို ထိပါးလာသဖြင့် တပ်မတော်သည် အမျိုးသားရေး တာဝန်ထမ်းဆောင်ခဲ့ရသည်။ သို့ရာတွင် အချို့သော စာပေပညာရှင်များသည် အမှန်တရားကို ပြည်သူသိရှိစေရန် လှုံ့ဆော်ရေးသားရမည်ကို လက်တွန့်နေခဲ့သည်။ အချို့သည် နိုင်ငံရေးပါတီများ၏ အရောင်ခြယ်မှုကို ခံကြရပြီး ပြည်ပသူကောင်းပြုမှုကို မျှော်လင့်သာယာခဲ့ကြသည်။

နေ့စဉ်ထုတ်သတင်းစာတွင် ဆောင်းပါးရေးသူများ လက်ချိုးရေတွက်၍ ရနိုင်သည်။ ရေးနေသူကိုပင် အပြစ်တင်လာခဲ့ပြီး ၎င်းတို့ဦးဆောင်သော မဂ္ဂဇင်း၊ ဂျာနယ်တို့၌ ကြဉ်ခဲ့ကြသည်။ သတင်းစာတွင် ဆောင်းပါးရေးသူကို "ဘုန်းတော်ဘွဲ့"ရေးသူဟု ဆိုလာကြသည်။ သတင်းစာနှင့် နိုင်ငံတော်က ဦးဆောင်ထုတ်ဝေသော ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသူများကလည်း ပြည်ပဘုန်းတော်ဘွဲ့ကိုရေး၍ ပြည်ပဆကို မလိုချင်၊ သင့်လျော်သော စာမူခလေးနှင့်ရောင့်ရဲကာ စာပေတာဝန်ကျေပွန်ခဲ့ကြသည်။

နေ့စဉ်ထုတ် သတင်းစာကို မဖတ်မိဟုဆိုသော သူများရှိနေချိန်တွင် ကျေးလက်၌ ကုန်ထုပ်စက္ကူအဖြစ် ပါလာသည့် သတင်းစာစက္ကူအပိုင်းအစကို မက်မောစွာ ဖတ်နေသော ကျေးလက်ပြည်သူအချို့ကိုလည်း တွေ့ဖူးပေသည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်မှုကြောင့် ကျေးရွာအရောက် သတင်းစာရောက်ရှိ၍ ကျေးလက်နေပြည်သူများ သတင်းစာဖတ်ရှုခွင့်ရနေကြလေပြီ။

> ဖက်ဆစ်ခေတ်တွင် ပြည်သူထဲမှ တပ်မတော်မွေးဖွားခဲ့၍ ပြည်သူထဲမှ စာရေးဆရာ အသင်းကြီးလည်း ပေါ်ထွန်းလာခဲ့သည်။ တပ်မတော်နှင့်ပြည်သူ ခွဲခြားမရသကဲ့သို့ ပြည်သူနှင့်စာရေးဆရာမှာ တစ်သားတည်း ဖြစ်သည်။ တပ်မတော်သည် လက်နက်စွဲကိုင်၍ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရသကဲ့သို့ စာရေးဆရာတို့သည်လည်း ကလောင်လက်နက်ဖြင့် မျိုးချစ်စိတ်ဓာတ် အစဉ်နိုးကြားတက်ကြွစေပြီး တိုင်းပြည်ကြီးထွားဖွံ့ဖြိုး အမျိုးဂုဏ်မြင့်မားရေးအတွက် အသိမှန်၊ အမြင်မှန်လျက် ပြည်သူတို့လမ်းမှန်ရောက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာ စာရေးဆရာတို့၏ ကြီးမားလေးနက်သော အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရန် စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၂၅၄၉၂တိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုကာလတွင် စာကြည့်တိုက်မြေနေရာ၊ ပရိဘောဂ၊ စာအုပ်စာတမ်းစသော စာပေအလှူရှင်များ အနမတဂ္ဂ ပေါ်များလာနေသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း(၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏အမှာစကားကို ပြန်လည်သတိရမိပါသည်။

"စာပေပညာရှင်များသိပြီးဖြစ်သည့်အတိုင်း ၇-၅-၂၀၀၅ ရက်နေ့တွင် ရန်ကုန်မြို့၌ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ထိုနေ့မှာပင် ရဟန်းရှင်လူပြည်သူ ၁၁ ဦး သေဆုံးကာ ၁၆၂ ဦး ဒဏ်ရာရခဲ့ပါကြောင်း၊ ၎င်းကိစ္စသည် နိုင်ငံတော်အစိုးရတစ်ခုတည်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့်ဆက်စပ်နေသော ဝန်ကြီးဌာနတစ်ခုတည်း၊ ပေါက်ကွဲမှုဖြစ်ပွားရာ အရောင်းစင်တာပိုင်ရှင်တစ်ဦးတည်းလောက်နှင့်သာ သက်ဆိုင်သော ကိစ္စမဟုတ်ပါကြောင်း၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားလုံခြုံရေးကိစ္စဖြစ်ပါကြောင်း၊ သို့ရာတွင် အဆိုပါ အမျိုးသားလုံခြုံမှု ထိပါးခံရမှုအပေါ်တွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် အစိုးရပိုင်မီဒီယာများကသာ ထိထိရောက်ရောက် တုံ့ပြန်ခဲ့ကြပြီး စာပေလောကနှင့် စာပေလောကသားများအပိုင်းက ပါဝင်တုံ့ပြန်မှုနည်းပါးနေသည်ကို တွေ့ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အကျိုးစီးပွားအပေါ် ထိပါးလာသူမှန်သမျှကို စာပေပညာရှင်များအနေဖြင့် ပေါင်းစည်းညီညွတ်စွာ တုံ့ပြန်ချေဖျက်ပြီး ယနေ့ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာကာ ပြည်သူလူထုအတွက် အကျိုးရှိမည့် စာပေများကို အမြဲမပြတ်ရေးသားပြုစုပေးရန် လိုအပ်ပါကြောင်း၊ အဖျက်သမားရန်စွယ် အန္တရာယ်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တုံ့ပြန်တိုက်ပွဲဝင်မှ အောင်မြင်လိမ့်မည်ဟူသော အတွေးအမြင်အလင်းရောင်ကို ပြည်သူများအတွက် စာပေမီးရှူးတိုင်တွင် ထွန်းညှိပေးရမည်ဖြစ်ပါကြောင်း"

ယခုကာလတွင် ပါတီအရောင်အဆင်းကင်းသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည်လည်း စုစည်းခိုင်မာစွာ ရပ်တည်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။ အမျိုးသားရေးနှင့်စာပေလောက အနေအထားကို ပြန်လည်သုံးသပ်လျှင်လည်း မြန်မာနိုင်ငံ၏ စုစည်းညီညွတ်သော စာရေးဆရာအသင်းကြီးသည် အမျိုးသား တပ်မတော်နှင့်အတူ ယှဉ်၍စတင်ဖြစ်ထွန်းလာခဲ့ကြောင်း၊ အမျိုးသားရေးနှင့်ယှဉ်သော စာပေတာဝန်ကို ထမ်းဆောင်ခဲ့ကြကြောင်း တွေ့ရှိရပေသည်။

ထို့ကြောင့် မျက်မှောက်ကာလတွင် စာပေရေးသားနေကြသော စာရေးဆရာများသည် အမျိုးသားရေးနှင့် စာပေလောကအနေအထား သမိုင်းဖြစ်စဉ်များနှင့်အညီ အမျိုးသားရေးနှင့်ယှဉ်သော စာပေတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၆ရက်တွင် ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာ၊ ထန်းစင်ကျေးရွာ၊ မယ်ဇလီကန်ကျေးရွာ၊ ဆားထုံးကျေးရွာ၊ နတ်ဆက်ကျေးရွာ၊ ဥသျှစ်ဖျားကျေးရွာ၊ ဘင်္ဂါးကျေးရွာ၊ ဖောင်းကတာကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းနှင့် မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာဇံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ပြန်ကြားရေး ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။(သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဟန့်တားနှောင့်ယှက်မှုများကြောင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီထူထောင်ရေးကိစ္စ နှောင့်နှေးစေမည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူများပါဝင်ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၆ရက် မွန်းလွဲပိုင်းတွင် ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာရှိ သရက်တောကျောင်းတိုက်အတွင်း၌ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ထန်းပု၊ ထန်းစင်၊ မယ်ဇလီကန်၊ ဆားထုံး၊ နတ်ဆက်၊ ဥသျှစ်ဖျား၊ ဘင်္ဂါးနှင့် ဖောင်းကတာ ကျေးရွာအုပ်စုများမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၁၈၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကျေးရွာမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတော်မှ တာဝန်ရှိသူများသည် တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်စေရန် နေ့မအား ညမနား ဆောင်ရွက်နေကြကြောင်း၊ တစ်နိုင်ငံလုံး နေရာဒေသအကြားအလပ် မကျန်ရစေရအောင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်း၊ တံတား၊ ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေလျက်ရှိသည်ကို ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့ ပင်ဖြစ်ကြောင်း၊ သို့သော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်မှုများ၊ ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်နေကြခြင်းသည် ဒေသဖွံ့ဖြိုးမှုကိုထိခိုက်စေနိုင်သည့်အပြင် ပြည်သူများလိုလားနေကြသည့် ဒီမိုကရေစီထူထောင်ရေးကိစ္စများကိုပါ နှောင့်နှေးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ် အကြား နှစ်ပေါင်း ၄၀ကာလကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့သည့်ကာလမျိုး ထပ်မံ မကြုံတွေ့ရအောင် ပြည်သူများအနေဖြင့် သတိရှိကြရန် လိုအပ်ကြောင်း စသည်ဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟို အတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေ ကျပ်သုံးသိန်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ဇော်ဦးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထန်းပုကျေးရွာမှ ဒေသခံပြည်သူများအတွက် ဆပ်ပြာခဲများ၊ အဝတ်အထည်များ၊ စောင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော စည်သွတ်အသားဘူးများနှင့် ပဲဘူးများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အထက်မြန်မာပြည် ရုပ်ရှင်လုပ်ငန်းစုရုံးသို့ရောက်ရှိပြီး အဆိုပါရုံးခန်းမ၌ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အထက်မြန်မာနိုင်ငံရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းတာဝန်ကျေပွန်ရေး၊ စေတနာထား၍ အလုပ်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ရေး၊ ရုပ်ရှင်ရုံများ၊ စာကြည့်တိုက်များ၊ ပုံနှိပ်စက်များ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရေး၊ ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိရေး၊ နှစ်အလိုက် ဝင်ငွေ တိုးတက်အောင် ရှာဖွေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မော်ကွန်းရုပ်ရှင်ဌာနခွဲ၊ ကိုယ်ပွားသတင်းစာတိုက်နှင့် မန္တလေးမြို့ပေါ်ရှိ ဝင်းလိုက်၊ မြို့ဂုဏ်ရောင်၊ မြို့မ၊ မစိုးရိမ်နှင့် နေပြည်တော် (ဆိုင်းတန်း)ရုပ်ရှင်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ရုပ်ရှင်ရုံများ ပျက်စီးယိုယွင်းမှုကို ပြင်ဆင်ရေး၊ ပြည်သူများ အပန်းပြေအောင် အကောင်းဆုံးစီစဉ်ထားရေးနှင့် လုံခြုံရေး အစီအမံများ စနစ်တကျဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး စက်ရုံခန်းမဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်က ဧရာမင်းသိန်း ဆောက်လုပ်ရေး(မန္တလေး)ကုမ္ပဏီက တည်ဆောက်လျက်ရှိသော ပေ ၆၀ X ပေ၈၀ သိုလှောင်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ဆဲ သိုလှောင်ရုံနှင့် အမျိုးသမီး ဝန်ထမ်းများ အိပ်ဆောင်တို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ လှူဒါန်းပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်အတွင်း ခင်းကျင်းပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ သုတ၊ ရသ စာအုပ်စာတမ်းမျိုးစုံ ၁၂၉၀ကို အတွင်းရေးမှူး ဦးစောထွန်းဦးကလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တန်ဖိုးငွေကျပ် တစ်သိန်းနှစ်သောင်းကျော်တန်ဖိုးရှိ ရွှေနိုင်ငံ၊ နန်းမြင့်ဂျာနယ်နှင့် စိမ်းလဲ့ရွှေပြည်မဂ္ဂဇင်းစုစုပေါင်း ၉၈၀ ကို အသင်းအတွင်းရေးမှူး ဦးထွန်းဝင်းက လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ရှိ ပညာအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဂြိုဟ်တုစလောင်း တပ်ဆင်ရန် လိုအပ်သည့် အလှူငွေများကို တမ္ပဝတီရပ်မှ အလှူရှင် ဦးဖိုးချဉ်၊ ဒေါ်စိန်ပု မိသားစုတို့ကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မန္တလေးတိုင်းနှင့် မန္တလေးခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၇ရက်တွင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - Civil Offences.** (စတုတ္ထနှစ်-ဥပဒေပညာ)
- ၅:၂၅ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြော်ငြာချစ်သူ (အပိုင်း-၁၀)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတအစီအစဉ်
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှင်းနဂါးသိုင်း (အပိုင်း-၂၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အတွေ့အကြုံချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်ရန် အရေး
ယင်းသို့ ဆောင်ရွက်ရာတွင် အလုပ်လည်းဖြစ်၊ ပစ္စည်းဈေးနှုန်းလည်း ဖြစ်နိုင်သမျှ သက်သာရ

✱ ရှေ့ဖုံးမှ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား စက်ရုံသို့ကြွရောက်ခဲ့သည့်နေ့၌ Fair Sun Mould and Die Industry ၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က စက်ရုံ၌ ရင်းနှီးမြှုပ်နှံထားမှု၊ စက်ရုံသို့ စက်နှင့်စက်ပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု၊ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် မိုနှင့်ဒိုင်များကို အရည်အသွေး စံချိန်စံညွှန်းမီမီ ထုတ်လုပ်ပေးခဲ့မှုများ၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ပေးနိုင်ခဲ့မှုများ၊ မိုနှင့်ဒိုင် ထုတ်လုပ်ရေးအတွက် ထပ်မံဖြည့်ဆည်းရန် လိုအပ်သည့် စက်ပစ္စည်းများကို ပုံစံများဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က မိုနှင့်ဒိုင် ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ စေတနာနှင့် ပံ့ပိုးကူညီစောင့်ရှောက်မှုများကြောင့် မန္တလေး၊ မုံရွာနှင့် အေးသာယာ(တောင်ကြီး)စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံထောင်း၊ သံခုတ်စား အချောကိုင် စက်မှုလုပ်ငန်းများ ပေါ်ထွက်လာပြီဖြစ်ကြောင်း။

ယင်းသံရည်ကျိုစက်ရုံ၊ အလုပ်ရုံများက နိုင်ငံတော်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကများက မှာကြားအပ်နှံသော အပ်ထည်ပစ္စည်းအစိတ်အပိုင်းများကို စတင်ထုတ်လုပ်နေပြီလည်းဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး အဆင့်အတန်း၊ အရည်အသွေးရှိသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို လိုအပ်သလို ထုတ်လုပ်ပေးနိုင်ရန်မှာ သံရည်ကျိုပြီး ပုံစံတူစက်ပစ္စည်းများကို သွန်းလောင်းသည့် (Die & Mould) တို့ လိုအပ်ကြောင်း၊ ယင်း (Die & Mould) တို့မှာ အများအားဖြင့် ပြည်ပမှပင် မှာကြားနေရဆဲဖြစ်၍ စက်မှုဇုန်များနှင့် တွဲဖက်ပူးပေါင်းပြီး လိုအပ်သော ခေတ်မီ (Mould) များ ထုတ်လုပ်ပေးမည့် စက်မှုလုပ်ငန်းကို ယခုကဲ့သို့ ထူထောင်နိုင်အောင် နိုင်ငံတော်က တစ်ဆက်တစ်စပ်တည်း အားပေးခဲ့ခြင်းဖြစ်ကြောင်း။

ထုတ်လုပ်ပေးနိုင်

Fair Sun Co. ကုမ္ပဏီသည် စက်ပစ္စည်းအစိတ်အပိုင်းများကို ယခင်က ထုတ်လုပ်နိုင်သည့် အခြေအနေထက် အရည်အသွေးမြင့်ပြီး ပိုမိုထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး စက်ကိရိယာများ၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ လျှပ်စစ်လုပ်ငန်းသုံး စက်ကိရိယာများ၊ မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်သည့် စက်မှုကိရိယာများအတွက် အရည်အသွေးမှန်သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို မှာကြားသည့်အတိုင်း ထုတ်လုပ်ပေးနိုင်ကြောင်း။

သို့ရာတွင် ဈေးကွက်၏ သဘောတရားအရ Fair Sun Co. သည် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများနှင့် အပြန်အလှန် ချိတ်ဆက်ပူးပေါင်းပြီး မိမိအကျိုးသာမက ပုဂ္ဂလိက စက်မှုကဏ္ဍတစ်ခုလုံး တိုးတက်သွားအောင်၊ အကျိုးရှိသွားအောင် လုပ်ကိုင်သွားရန်လိုကြောင်း။

ထို့ကြောင့် ဤစက်ရုံသည် စက်မှုဇုန်များနှင့် လုပ်ငန်းချင်း ဆက်စပ်ပြီး လိုအပ်သော Die & Mould များသာမက ဆက်လက်ထုတ်လုပ်ချင်သည့် စက်ကိရိယာများကို အရည်အသွေးရှိရှိ ထုတ်လုပ်လာနိုင်အောင် Add on လုပ်သင့်သည့် စက်ပစ္စည်းများကို အကြံပြုပြီး လိုအပ်သောနည်းပညာကိုပါ လွှဲပြောင်းပေးနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း။

မန္တလေး၊ မုံရွာ၊ အေးသာယာ စက်မှုဇုန်များအပြင် ကျန်စက်မှုဇုန်များနှင့် အခြား ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဤစက်ရုံနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လိုကြောင်း။

အရေးပါသည့် အလှည့်အပြောင်းဖြစ်

ပုဂ္ဂလိကပိုင်အနေဖြင့် ခေတ်မီ သံထည်ပစ္စည်းကိုင်တွယ်၊ ပုံလောင်းသည့် စက်မှုလုပ်ငန်းကို ယခုကဲ့သို့ အခြေချ ထူထောင်နိုင်ခြင်းသည် နိုင်ငံတော်အတွက် စက်မှုခေတ်သစ်ကို အရည်အချင်းရှိရှိ ကူးပြောင်းနိုင်မည့် အရေးကြီးသည့်အဆင့်နှင့် အရေးပါသည့် အလှည့်အပြောင်းပင်ဖြစ်ကြောင်း။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အတွေ့အကြုံချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် အထူးအရေးကြီးကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ၌ အလုပ်လည်းဖြစ် ပစ္စည်းဈေးနှုန်းလည်း ဖြစ်နိုင်သမျှ သက်သာရန်လည်းလိုကြောင်း။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဒေသအလိုက် ဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ကျယ်ပြန့်စွာ ရရှိလာမှာဖြစ်သည့်အပြင် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမှာ ဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အခြေခံ ကောင်းများလည်း ခိုင်မာလာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ Research & Development ဌာန၌ စက်ရုံက စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် စုစည်းထားသည့် တွင်ခုံများ၏ 3 Jaw Chuck ခေါင်းများနှင့် သစ်အချောကိုင်စက်များတွင် အသုံးပြုသည့် Head Planner၊ Rouder ၊ Finger Joint Machine စသည့် စက်ပစ္စည်းများကို လည်းကောင်း၊ ဝန်ကြီးဌာနများက

> **❒ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ဒေသအလိုက် ဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ကျယ်ပြန့်စွာရရှိလာမှာဖြစ်သည့်အပြင် ပြည်သူလူထု၏ လူနေမှု အဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမှာဖြစ်၊**
>
> **❒ ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် အခြေခံကောင်းများလည်း ခိုင်မာလာမှာဖြစ်။**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေပြည်သာ စက်မှုဇုန်ရှိ Fair Sun Mould and Die Industry ၏ မိုနှင့်ဒိုင် စက်မှုလုပ်ငန်းစက်ရုံက ထုတ်လုပ်ထားသော မိုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လုပ်ငန်းအပ်နှံထားသည့် စက်ပစ္စည်းများ၏ ဂီယာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ပစ္စည်းအကြီးများကို တိုင်းတာသည့် Coordinate Measuring Machine (CMM) စက်နှင့် အရွယ်အစား သေးငယ်သည့် စက်ပစ္စည်းများကို Computer မှတစ်ဆင့် ပုံကြီးချဲ့ ဖော်ထုတ်ကာ တိုင်းတာသည့် 2 D Projector Machine တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်များ၏ အသုံးချနိုင်မှုစွမ်းရည်များကို ပြသကြသည်။

မိုများ

ထို့နောက် Fair Sun Co. စက်ရုံက ထုတ်လုပ်ထားသည့် သတ္တုမိုများအနက် Chamber Mould၊ Holder Pre Heater Moule၊ Nozzle Mould ၊ Idel Gear Shaft Mould များနှင့် သဲမိုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Idel Gear Shaft ၊ Cam Gear၊ Clutch Pressure Plate ၊ Water Pump Shaft၊ Nozzle Holder၊ Oil Pump Cover စသည့် စက်ရုံက ထုတ်လုပ်ထားသည့် မော်တော်ယာဉ်ပစ္စည်း အစိတ်အပိုင်းများ၊ Cutter Gear Box နှင့် အပ်ချုပ်စက်ပစ္စည်းအစိတ်အပိုင်း စသည့် အခြားစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် Wire Cutting Room ရှိ 5 -Axis CNC Wire Cutting Machine ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သံ၊ သံမဏိနှင့် အခြားလျှပ်စစ်ကူးနိုင်သော သတ္တုများကို တိကျစွာ ဖြတ်တောက်ခုတ်စားနိုင်မှုများကို ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က စက်ရုံတွင် စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ မှာယူထားသည့် Fork Lift ဝန်ချီစက်ငယ်များ၊ သစ်အခြေခံစက်မှုလုပ်ငန်းသုံး ရွှေပေါ်ထို...
ရှင်းလင်းပြသပြီး အရည်အသွေးကော...
ကြိုးပမ်းထုတ်လုပ်သွားမည့် အခြေအနေမျ...
တင်ပြသည်။

ထို့နောက် ရှာမသံမဏိစက်ရုံက အ...
အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ထားမှု...
ကောင်း၊ အရည်အသွေး စံချိန်စံညွှန်း ...
လုပ်ငန်းများကို လည်းကောင်း၊ ပလတ်စ...
ခြင်း "မို" ပြုပြင်ရန် ဆောင်ရွက်နေမှုများကို...
ရှင်းလင်းပြသကြပြီး စက်ရုံရှိ တွင်ခုံများနှင့်...
အသုံးပြုနိုင်မှုစွမ်းအားများကိုလည်း ဆက်...
ပြသကြသည်။

ဆက်လက်၍ စက်ပစ္စည်းများ အ...
အရစ်ဖော်၊ မျက်နှာပြင်ညှိ၊ Key Line...
လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ခေတ်...
လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်...
စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်...
သည် CNC Machine Center ...
Vertical CNC Machine Center ...
Vertical CNC Machine Center ...
စသည့် CNC Machine များ၏ လုပ်ငန်း...
နှင့် CNC Machine များဖြင့် ခုတ်...
Nozzle Holder၊ Shock Absorber...
Nut စသည့် မော်တော်ယာဉ်စက်ပစ္စည်းမျ...
စစ်ဆေးကြသည်။

ဆက်လက်၍ Computerize Num...
trol (CNC) Controller တပ်ဆင်ထ...
Lathe Center စက်၏ ဆောင်ရွက်နိုင်မှု...
စက်မှ ခုတ်စားထားသည့် TE ဟီးနိုးမော်...
စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသ...

ဂျပန်နိုင်ငံ မင်္ဂလာ...
ပညာသင်စရိတ် ပေး...

ဂျပန်နိုင်ငံ အစိုးရမဟုတ်သော အဖွဲ့... မြန်မာနိုင်ငံရှိ တက္ကသိုလ်ဝင်စာမေးပွဲတွင် ... ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျော... မင်္ဂလာ ပညာသင်စရိတ် လှူဒါန်းပွဲအခမ်း... အသင်း ဌာနချုပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်နှင့် ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Ichiro Maruyama ၊ ဂျပန်နိုင်ငံ မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးထံ အလှူရှင် မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ Mr. Tsu Yoshi Watanabe က ပညာသင်စရိတ် အလှူငွေ ဂျပန်ယန်းငွေ နှစ်သန်း ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဥ...
ပ...
ေ...
ချ...
ေ...

...ဆောင်ရွက်ရန် အရေးကြီး ...သမျှ သက်သာရန်လို

သစ်အခြေခံစက်မှုလုပ်ငန်းသုံး ရွှေပေါ်ထိုး စက်များကို ရှင်းလင်းပြသပြီး အရည်အသွေးကောင်းပစ္စည်းများ ကြိုးပမ်းထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ရွာမသံမဏိစက်ရုံက အပ်နှံထားသော အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ထားမှုများကို လည်းကောင်း၊ အရည်အသွေး စံချိန်စံညွှန်း တိုင်းတာသည့် လုပ်ငန်းများကို လည်းကောင်း၊ ပလတ်စတစ် လက်ဆွဲခြင်း "မို"ပြုပြင်ရန် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြသကြပြီး စက်ရုံရှိ တွင်ခုံများနှင့် တွင်ခုံအလိုက် အသုံးပြုနိုင်မှုစွမ်းအားများကိုလည်း ဆက်လက်ရှင်းလင်း ပြသကြသည်။

ဆက်လက်၍ စက်ပစ္စည်းများ အပေါက်ဖောက်၊ အရစ်ဖော်၊ မျက်နှာပြင်ညှိ၊ Key Line ဖော် စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ခေတ်မီစက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် CNC Machine Center (VH-100)၊ Vertical CNC Machine Center (VMC-135) Vertical CNC Machine Center (VMC-158) စသည့် CNC Machine များ၏ လုပ်ဆောင်နိုင်မှုများနှင့် CNC Machine များဖြင့် ခုတ်စားထားသည့် Nozzle Holder၊ Shock Absorber ၊ Nozzle Nutစသည့် မော်တော်ယာဉ်စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Computerize Numberical Control (CNC) Controller တပ်ဆင်ထားသော CNC Lathe Center စက်၏ ဆောင်ရွက်နိုင်မှုများနှင့် အဆိုပါစက်မှ ခုတ်စားထားသည့် TE ဟီးနိုးမော်တော်ယာဉ်မှ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ခုတ်စားနိုင်

ထို့နောက် မိုနှင့်ဒိုင် ထုတ်လုပ်သည့် လုပ်ငန်းများတွင် အဓိကအသုံးပြုသည့် Electro Discharge Machine (EDM) ကို ကြည့်ရှုစစ်ဆေးကြသည်။ EDMမှာCNC Machine Centerဖြင့် ခုတ်စားခြင်းမပြုနိုင်သော စက်ပစ္စည်း အစိတ်အပိုင်းများကို ခုတ်စားနိုင်သည့်စက်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲဖြစ်သည့် စက်ရုံ၏ သံရည်ကျိုစက် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တာဝန်ရှိသူများအား ထပ်မံတွေ့ဆုံ၍ လိုအပ်သည်များကို အားပေးမှာကြားသည်။

မိုနှင့်ဒိုင်ဆိုသည်မှာ စက်ကိရိယာ (Machine Tools) ကဲ့သို့ စက်မှုလုပ်ငန်းသုံး ရင်းနှီးပစ္စည်း (Capital Goods) ဖြစ်သည်။

မဖြစ်မနေလိုအပ်

စက်မှုလုပ်ငန်းစက်ရုံများက ထုတ်ကုန်များကို အမြောက်အမြား(Mass Production) ထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမီ၊ ပုံစံမီ ထုတ်လုပ်နိုင်ရန်တို့အတွက် မိုနှင့်ဒိုင်တို့သည် မဖြစ်မနေ လိုအပ်သည့် ပစ္စည်းများဖြစ်သည်။

စက်ပစ္စည်းအမြောက်အမြား ထုတ်လုပ်ရသော လုပ်ငန်းများ ဆောင်ရွက်ရာ၌ မိုနှင့်ဒိုင် လုပ်ငန်းမှာ များစွာ အရေးပါသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကျွမ်းကျင်သူ အင်ဂျင်နီယာနှင့် ပညာရှင်နည်းပါးမှု၊ စက်ကိရိယာပစ္စည်း မပြည့်စုံမှုတို့ကြောင့် မိုနှင့်ဒိုင် ထုတ်လုပ်မှုလုပ်ငန်း တိုးတက်မှုတွင် အခက်အခဲရှိလျက် ရှိသည်။

ထို့ကြောင့် မိုနှင့်ဒိုင်များကို အခြားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှ တန်ဖိုးကြီးစွာဖြင့် မှာယူအသုံးပြုနေရသည်။

ရွှေပြည်သာစက်မှုဇုန်၌ တည်ထောင်ထားသည့်Fair Sun Co. ၏ မိုနှင့်ဒိုင်စက်ရုံနှင့် ပုဂ္ဂလိကစက်မှုဇုန်များ စနစ်တကျ ညှိနှိုင်းပေါင်းစပ်၍ စက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်သွားပါက စက်မှုကဏ္ဍမှာ လက်ရှိအနေအထားထက် အဆင့်မြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကြီးသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၂

ကရင်ပြည်နယ် ဘားအံမြို့ရှိ မဲဘောင်ကျောင်းတိုက်ကြီးသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး လှူဖွယ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ မဲဘောင်ကျောင်းတိုက်ရှိ ဓမ္မကထိက သင်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယ၊ နိုင်ငံတော် ဩဝါဒါစရိယ ဘားအံမြို့ အရိယဝံသ ကျောင်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာသာမိတို့ အမှူးပြုတော်မူသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယထံမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ ရွတ်ဆိုချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဘားအံမြို့ အရိယဝံသကျောင်း ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် ဘားအံမြို့ အရိယဝံသကျောင်းဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မဲဘောင်ကျောင်းတိုက်ကြီးသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၃၁အိတ်၊ ဆီပိဿာ ၄၉၀၊ ဆေးနှင့် ဆားအပါအဝင် စုစုပေါင်းငွေကျပ် ၄၈၁၂၅၀၀တန်ဖိုး ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို နိုင်ငံတော်ဩဝါဒါစရိယ ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ ပညာသင်စရိတ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ဂျပန်နိုင်ငံ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းက မြန်မာနိုင်ငံရှိ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်/ကောလိပ် အသီးသီးတွင် ဆက်လက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှတစ်ဆင့် မင်္ဂလာ ပညာသင်စရိတ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်နှင့် ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Ichiro Maruyama ၊ ဂျပန်နိုင်ငံ မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ Mr. Tsu Yoshi Watanabe၊ ပညာသင်စရိတ် ရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးထံ အလှူရှင် မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ Mr. Tsu Yoshi Watanabe က ပညာသင်စရိတ် အလှူငွေ ဂျပန်ယန်းငွေ နှစ်သန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် လူငယ်ထုကို အခြေခံဖွဲ့စည်းထားသော အသင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဂျပန်နိုင်ငံ မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းငွေများအား ပညာရေးဝန်ကြီးဌာနမှ စိစစ်ရွေးချယ်ပေးသည့် ကျောင်းသားလူငယ်များ လက်ဝယ်သို့ရောက်ရှိအောင် အသင်းကြီးက ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကာယကံရှင် ကျောင်းသားလူငယ်များအတွက် အကျိုးဖြစ်ထွန်းမှုရှိကြောင်း၊ ရှိပြီးဖြစ်သည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုတိုးတက်အောင် အထောက်အကူဖြစ်စေပါကြောင်း၊ စေတနာအပြည့်နှင့် လှူဒါန်းလာမှုအပေါ် လေးစားတန်ဖိုးထားပါကြောင်း၊အထူးလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အလှူရှင် မင်္ဂလာစကောလားရှစ် ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ Mr. Tsu Yoshi Watanabe က ပညာသင်စရိတ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် Mr. Tsu Yoshi Watanabe က ပညာသင်စရိတ်အလှူငွေ ဂျပန်ယန်းငွေ နှစ်သန်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကာ အလှူရှင် Mr. Tsu Yoshi Watanabe က ပညာသင်စရိတ် လက်ခံရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၈-၂၀၀၅

မောင်တော	–	၁ ဒသမ ၆၉ လက်မ
တောင်ငူနှင့် ပဲခူး	–	၁ ဒသမ ၅၇ လက်မ
ခန္တီး	–	၁ ဒသမ ၅၄ လက်မ
ရွှေကျင်	–	၁ ဒသမ ၃၄ လက်မ
ကျောက်တော်	–	၁ ဒသမ ၃၁ လက်မ
ပျဉ်းမနား	–	၀ ဒသမ ၂၄ လက်မ
အောင်လံ	–	၀ ဒသမ ၂၀ လက်မ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး လုပ်ငန်းများနှင့် လားရှိုးမြို့ ကောက်ကွေ့ချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ အထူးအထွက်ကောင်း (R)လိုင်း စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သဘာဝမြေဩဇာများ ကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၇ နာရီ မိနစ် ၄၀တွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နောင်ချို၊ ကျောက်မဲ၊ လားရှိုး ကားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၂၀ တွင် လားရှိုးမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တပ်မတော်အရာရှိများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လိုက်ပါလျက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမသို့ ရောက်ရှိပြီး လားရှိုးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တပ်တည်ဆောက်ရေးတာဝန်ကြီး လေးရပ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး၊ စွမ်းရည်သုံးရပ် ထက်မြက်နေစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ တပ်တွင်းသက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရေး မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၂၀ ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၅ ခုနှစ် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲနှင့် လားရှိုးမြို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကာ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ခရိုင်ငါးခရိုင်မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လားရှိုးမြို့ပေါ်ရှိ ဒီဂရီကောလိပ်၊ ကောလိပ်၊ သင်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ စုံညီစွာ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ပထဝီဝင်အနေအထားနှင့် အကျယ်အဝန်း၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ စုဖွဲ့နေထိုင်မှုနှင့် လူဦးရေအချိုးအစား၊ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခြင်း ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍနှင့် ပြည်နယ်အတွင်းရှိ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများဆောင်ရွက်မှုအခြေအနေ၊ ပြည်နယ်အတွင်း စိုက်ပျိုးမြေ ၁၄၃၉၁၉၈၃ ဧက ရှိသည့်အနက် ၁၂၆၇၆၃၇ ဧကၡ ၂၀၀၄-၂၀၀၅ စိုက်ပျိုးရေးရာသီတွင် သီးထပ်သီးညှပ်များအပါအဝင် ၁၂၄၂၀၃၇ ဧက စိုက်ပျိုးနိုင်မှု၊ ပြည်နယ်ရှိ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပညာရေးကော်မတီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၅၂ ကျောင်းနှင့် အထက်တန်းကျောင်းခွဲ ၂၂ ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ပညာရေးရန်ပုံငွေထောက်ပံ့ ဂုဏ်ပြုနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံး ပထမဆုရ လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် တတိယဆုရ နမ္မတူအခြေခံပညာအထက်တန်းကျောင်းခွဲတို့မှ ကျောင်းအုပ်ဆရာ၊ဆရာမကြီးများအား လည်းကောင်း၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကွတ်ခိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ မနန်ခေါ်ပန်အားလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းဖြိုးဝင်းနှင့် မောင်ပြည်သိမ်းမင်း၊ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းမြတ်စောထွေးနှင့် မနန်းသီသီအေးတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ကျောင်းသူ ငါးဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၁၅ဦးတို့အား ဂုဏ်ပြုဆုနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ပြည်နယ်အတွင်းမှ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ခုနှစ်တို့တွင် ထူးချွန်ဆုရရှိခဲ့ပြီး ယခုအခါ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးတို့အတွက် ၂၀၀၅ ခုနှစ် တစ်နှစ်တာအတွက် ပညာသင်စရိတ်များကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား မိဘများက တက်ရောက်လက်ခံယူကြသည်။

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပညာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သိန်း ၅၀၊ ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာနက ငွေကျပ်သိန်း ၅၀၊ အေးသုံးလုံးဘိလပ်မြေစက်ရုံမှ ဦးစောနိုင်က ငွေကျပ်သိန်း ၃၀၊ ငွေရည်ပုလဲကုမ္ပဏီမှ ဦးသိန်းမြင့်က ငွေကျပ် ၁၀သိန်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီမှ ဦးသန်းဝင်းက ငွေကျပ် ၁၀သိန်း၊ စိန်ဝတ်မှုံ ကုမ္ပဏီမှ ဦးမောင်မြင့်က ငွေကျပ် ၁၀ သိန်း၊ ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံမှ ဦးမောင်ဝင်းက ငွေကျပ် ၁၀ သိန်း၊ ကျားခေါင်းကုမ္ပဏီမှ ဦးကျော်မြင့်က ငွေကျပ်သိန်း ၂၀၊ သီပေါမြို့မှ ဦးလောဝူးက ငွေကျပ်သိန်း ၂၀၊ မန်ပန်ကျေးရွာမှ ဦးစိုင်းမွန်းက ငွေကျပ် ၁၀သိန်း၊ SEC ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးရန်ကျွင်းက ငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)မှ ဦးမထုနော်၊ အထူးဒေသ(၁)မှ ဦးလျှိုကွယ်ရှီးတို့က ငွေကျပ်တစ်သိန်းစီ၊ အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းက ငွေကျပ်သုံးသိန်း၊ အထူးဒေသ(၃)မှ ဦးလွယ်မောင်းက ငွေကျပ်နှစ်သိန်း၊ ဦးဂုဏ်ခေးက ငွေကျပ်တစ်သိန်း၊ ဦးအိုက်မုန်းက ငွေကျပ် တစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ များကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မနန်ခေါ်ပန်က ပညာရေးထောက်ပံ့မှုများ ပေးအပ်ချီးမြှင့်သည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးများကို ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ဌာနဆိုင်ရာများအနေဖြင့် တင်ပြရန်ရှိသည်များကို တင်ပြကြရန်နှင့် ဆောင်ရွက်ပေးရန်ရှိသည်တို့ကို ညှိနှိုင်း ပေါင်းစပ်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အနေဖြင့် ပြည်နယ်တစ်ခုလုံးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့တွင် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများ လူမှုဘဝ တိုးတက်မြင့်မားလာစေရန် စေတနာထား၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အထိုက်အလျောက်တိုးတက်အောင်မြင်မှုများကို တွေ့မြင်ရ၍ ဝမ်းမြောက်ကြည်နူးမိပါကြောင်း၊ ပြည်နယ်အပါဝင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုများရရှိနေပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များလည်း ရရှိခံစားနေရပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများ ဝမ်းသာကြည်နူးကြမည်ဟု ယုံကြည်မိကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပညာရည်ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်နိုင်ရန် ပညာရေးပဒေသာပင်အတွက် စေတနာရှင်ပြည်သူများက အလှူငွေများ ရက်ရက်ရောရော ထည့်ဝင်ကြသည်ကို တွေ့မြင်ရသည့်အတွက် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေချိန်တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် ရာသက်ပန်မြဲမြံခိုင်ခံ့သော ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုရှိနေစေရေးမှာ အရေးကြီးပါကြောင်း။

ယခုကဲ့သို့ ပညာရည်ထူးချွန်သည့် ဆုချီးမြှင့်ပွဲတွင် အခြားသော ကျောင်းသားမိဘများပါစံနမူနာပြုသရန် ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ခွင့်ပြုပါက ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ လေ့ကျင့်မွေးထုတ်ရေးတွင် များစွာအထောက်အကူပြုပါကြောင်း၊ ထို့ပြင် ပညာရည်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများစံနမူနာပြအဖြစ် ကျောင်းများနှင့် ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားစေရန် စီမံလုပ်ဆောင်သွားသင့်ကြောင်း။

ထို့အပြင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရန် ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာကျောင်းများကိုပါ နောင်တွင် ဆုများပေးအပ်ချီးမြှင့်သွားစေလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံကအားသွန်ခွန်စိုက်ကြိုးပမ်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❑

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❑ စာမျက်နှာ ၁၀ မှ

ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားအားလုံးလူနေမှုဘဝ မြင့်မားလာစေရန် အခြေခံအဆောက်အအုံများကိုတည်ဆောက်ပေး၍ လိုအပ်ချက်များကို ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဖက်ကလည်း လမ်းတံတားများကို တည်ဆောက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ရေမြင့်လျှင်ကြာတင့်သည် ဆိုသည့်အတိုင်း လူနေမှုဘဝအဆင့်အတန်းသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ယင်း တိုးတက်မှုအရှိန်အဟုန်မပျက် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူလူထုတစ်ရပ်လုံး အကျိုးအတွက် တာဝန်ကျေပွန်ရုံမဟုတ်ဘဲ စေတနာရှေ့ထား၍ မိမိတာဝန်ကျရာဒေသအသီးသီးတွင် နိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံတာဝန်ကို ထမ်းဆောင်ကြသည်ဖြစ်၍ တာဝန်သိသိ သစ္စာရှိရှိဖြင့် မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စေရန်၊ ကျေနပ်ဖွယ်ရှိရန်၊ နိုင်ငံတော်မှ ယုံကြည်စိတ်ချအားကိုး အားထားရှိစေရန် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ မြန်မြန်ကြိုးစားလုပ်ဆောင်ပါမှ နိုင်ငံတော်သည်လည်း မြန်မြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးက သိရှိနားလည်သဘောပေါက်ပြီး ယုံယုံကြည်ကြည်ဖြင့် အစ၊ အလယ်၊ အဆုံး လုံ့လဝီရိယ မလျော့ဘဲ လက်တွဲညီညာစွာဖြင့် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း။

ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိဒေသရှိ အခက်အခဲကို မိမိဒေသအတွင်း၌ ပြေလည်အဆင်ပြေမှုရှိစေရန် စပ်ဆက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအပြည့်အဝ ပြီးမြောက်အောင်မြင်စေရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းကြရန်တိုက်တွန်းပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အထူးဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့ အထွက်ရှိ နယ်မြေခံတပ်ရင်း၏ ဧက ၁၀၀ အထူးအထွက်တိုး ဆင်းရွှေလီ၊ ပဲပုပ်၊ နေကြာနှင့်အစေ့ထုတ် မျိုးသန့်စိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက စိုက်ခင်း၌ နေကြာ၊ ပဲပုပ်၊ ပြောင်း၊ ယာစပါး၊ လယ်စပါး စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရရှိပြီးသော စိုက်ပျိုးရေးနည်းပညာ အတွေ့အကြုံများကို အခြေခံကာ အထွက်နှုန်းကောင်းမွန်တိုးတက်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ဒေသအတွက် အသုံးပြုသည့် စိုက်ခင်းတစ်ခုအဖြစ် စံပြနမူနာဖြစ်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပဲပုပ်ပင်များကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟူးမွန်ကျေးရွာအနီးရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါး ဧက ၆၀နှင့် အထူးအထွက်ကောင်း (R) စပါး ၇၆ ဧက စိုက်ပျိုးမှုရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက ကြိုဆို ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လူဦးရေ ၂ ဒသမ ၃သန်းရှိသည့်အနက် ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၈၃ ဒသမ ၂၂၃ရာခိုင်နှုန်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၉၇ ဒသမ ၂၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၀၃ ဒသမ ၁၆ ရာခိုင်နှုန်းအထိ ဝမ်းစာဖူလုံမှုရရှိလာပြီဖြစ်ကြောင်းနှင့် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကြီးက ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးထုတ်လုပ်ဆောင်ရွက်မှု နည်းစနစ်များကိုလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ပြည်နယ်အတွင်း ဆင်းရွှေလီစပါးစိုက်ပျိုးခဲ့မှုအခြေအနေနှင့် ဆင်းရွှေလီ စပ်မျိုးစပါး ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တစ်ဧကတင်း ၂၀၀ ထွက်ရှိရန် စံပြစိုက်ခင်းများဆောင်ရွက်နေမှုကြောင့် ဒေသဝမ်းစာ ဖူလုံစိတ်ချနေရမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရုံသာမက ကျန်တိုင်းနှင့် ပြည်နယ်များသို့ပါ ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် ပြည်တွင်းသာမက တစ်ဖက်နိုင်ငံသို့ပါ ဈေးကွက်ရရှိစေသည်အထိ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အထူးအထွက်ကောင်း (R) လိုင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သဘာဝမြေဩဇာများ ကြဲပက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆင်းရွှေလီစပါး စိုက်ခင်းများနှင့် ဟူးမွန်ဆည် ရေဝေရေလဲကြိုးပြင်ကာကွယ်တောများကို ထိန်းသိမ်းထားရှိမှုကို မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကောက်ကွေ့ချောင်း ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ရေလှောင်တမံစီမံကိန်း ဆိုင်ရာ အချက်အလက်များ၊ အကြိုတည်ဆောက်မှုဆိုင်ရာလုပ်ငန်းများနှင့် လားရှိုးမြို့ လူထုသောက်သုံးရေရရှိရေးနှင့် အထောက်အကူဖြစ်စေရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တည်ဆောက်ရေးလုပ်ငန်းကိစ္စရပ်များကို မေးမြန်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးမှုရှိမှသာ ရေလှောင်တမံအားဖွင့်လှစ်ဆောင်ရွက်ရေး မှာကြားသည်။

ရေများစမ်းသပ်လွှတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကောက်ကွေ့ချောင်း ရေလှောင်တမံစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးနောက် ကောက်ကွေ့ချောင်း ရေလှောင်တမံမှ သိုလှောင်ထားသောရေများကို ရေထုတ်ပြွန်မှ လက်ယာမြောင်းအတိုင်း ရေများစမ်းသပ်လွှတ်ပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်သို့ရောက်ရှိပြီး ဆည်အတွင်းသို့ မြက်စားငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမကောင်ရေ တစ်သိန်းခွဲတို့ကို ဆည်အတွင်းသို့ ထည့်သွင်းမွေးမြူပေးခဲ့ကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အထူးအထွက်ကောင်း ဆင်းရွှေလီ (R) လိုင်း စပါးမျိုးသန့် ဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိကြရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဆင်းရွှေလီ အထွက်ကောင်း (R) လိုင်းစပါးတစ်ဧကတင်း ၂၀၀ထွက်ရှိရေးအတွက် တစ်ဧကတွင် ကောက်ထွက် တစ်သိန်း ခြောက်သောင်းဝင်ဆံ့ရန် စိုက်ပျိုးနေမှုနှင့် ရေသွင်းရေခမ်းစနစ်ဖြင့်ဆောင်ရွက်နေမှု၊ သွင်းအားစုများကို စနစ်တကျထည့်သွင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှကြီးက ဒေသခံတောင်သူများ စံနမူနာပြုလိုက်နာစိုက်ပျိုးရန် ပညာပေးဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားပြီး ယခုစိုက်ပျိုးထားသော ဆင်းရွှေလီစိုက်ခင်းများကို စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကောက်ကွက်ဓာတ်မြေဩဇာနှင့် လုပ်အားစိုက်ထုတ်မှုတို့ကို သုတေသနပြု၍ မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျထားရှိရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဆင်းရွှေလီ အထူးအထွက်ကောင်း (R) လိုင်း စပါးစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဩဂုတ် ၁၈ ရက်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဟောပြောပွဲနှင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး၊ နံရံကပ်ပြိုင်ပွဲဆုပေးပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပစ္စည်းဝယ်ယူရန် စာချုပ်ချုပ်ဆိုပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Zhejiang Orient Holdings Group Limited (Z.O.H.G)တို့ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ပစ္စည်းများ ဝယ်ယူတင်သွင်းရေးဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာချုပ် လက်မှတ်ရေးထိုးပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများ၊ ပစ္စည်းပေးသွင်းမည့် ကုမ္ပဏီမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် (Z.O.H.G) ဥက္ကဋ္ဌ Mr. Hua Aiguo တို့က စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ အဆိုပါချုပ်ဆိုသော စာချုပ်မှာ အမေရိကန် ဒေါ်လာ ၄ဒသမ ၅၆သန်း တန်ဖိုးရှိသည့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆိုင်ရာ ပစ္စည်းများဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ နန့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ တည်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည် ၁၈မဂ္ဂါဝပ်ရှိ စက်သုံးလုံးတပ်ဆင်ထား၍ စက်အင်အား ၅၄ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၄၇၂ ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံပြီးစီးသွားပါက ဓာတ်အားပေးစက်ရုံမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့သို့ ၁၃၂ကေဗွီဓာတ်အား လိုင်း ၇၂မိုင် အပါအဝင် ၆၆ကေဗွီ ဓာတ်အားလိုင်းများဖြင့် လဲချား၊ ပင်လုံ၊ လွိုင်လင်မြို့များသို့လည်းကောင်း၊ နမ့်စန်ဓာတ်အားခွဲရုံမှ တစ်ဆင့် မိုးနဲ၊ လင်းခေး၊ မိုင်းပန်မြို့များသို့လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပိုလျှံသောဓာတ်အားများကို ကလော ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၇။ အတီးပြိုင်ပွဲ
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၉။ ဆွာချောင်းရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၀၀ ၅။ ၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး)(အခြေခံပညာ ၁၀-၁၅နှစ်)(အမျိုးသား)
၅း၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
၅း၂၅ ၇။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၅း၃၅ ၈။ ကြေးမုံရိပ်သွင်တေးနှယဉ်
၅း၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၁၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၁၆)**
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၁၆)**
၇း၃၅ ၁၄။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့ဝင်များ၏ ကြိုတင်ပြင်ဆင်မှုများ(ကာယဗလ)
၇း၅၀ ၁၅။ သံလွင်တံတား(တာပါး)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်"(အပိုင်း-၆)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

GFATM ၏ ဆုံးဖြတ်ချက်သည် မမှန်မကန်အနိုင်ကျင့်သည့်လုပ်ရပ်ဖြစ် မြန်မာနိုင်ငံပြည်သူလူထုနှင့် ဝေဒနာရှင်လူနာ အများအပြားကို ထိခိုက်နစ်နာ လူသားချင်းစာနာထောက်ထားမှုကင်းသည့် ဆုံးဖြတ်ချက်ဖြစ်၍ ကန့်ကွက်သင့်

ရန်ကုန် ဩဂုတ် ၂၂

ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ (GFATM) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ၏ Country Coordinating Mechanism (CCM) အဖွဲ့၏ (၁၇)ကြိမ်မြောက်အစည်းအဝေးကို ဩဂုတ် ၁၉ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ CCM အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ကမ္ဘာ့ GFATM ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အေအိုင်ဒီအက်စ်ရောဂါ၊ တီ ဘီ ရောဂါ၊ ငှက်ဖျား ရောဂါ တိုက် ဖျက် ရေး လုပ် ငန်း များ ဆောင် ရွက် ရန် အတွက် မြန်မာနိုင်ငံ၏ Country Coordinating Mechanism (CCM) အဖွဲ့၏ (၁၇)ကြိမ်မြောက် အစည်းအဝေးတွင် CCM အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ CCM အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စီမံချက်မန်နေဂျာများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles Petrie၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo၊ UN AIDS အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Brian J. Williams၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carrol C. Long နှင့် ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၂ဦး တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ CCM အဖွဲ့ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့် အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles Petrie က အစည်းအဝေး တက်ရောက် လာကြသည့် CCM အဖွဲ့ဝင်များအား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ရုံးစိုက်သော GFATMအဖွဲ့မှ ၎င်းထံ မြန်မာနိုင်ငံအတွက် Global Fund မှရရှိနေသော ရန်ပုံငွေများကို ရပ်စဲလိုက်သော အကြောင်းကြားစာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသွားသည်။

အဆိုပါ GFATM အဖွဲ့သည် စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ–၈) အဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ်၊ ရုရှား၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီနိုင်ငံ တို့ပါဝင်ကျင်းပသည့် G-8 Summit ဆုံးဖြတ်ချက်အရ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်သည်။ GFATM အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်သော ပုဂ္ဂလိက ဖောင်ဒေးရှင်းတစ်ခုဖြစ်ပြီး ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများမှ မ,တည်ငွေ ၁ ဒသမ ၃ ဘီလီယံဖြင့်စတင်ခဲ့ပြီး အလှူရှင်နိုင်ငံများ၏ ထည့်ဝင်ငွေဖြင့် တည်ထောင်ထားခြင်းဖြစ်သည်။ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်သော နိုင်ငံများသို့ ထောက်ပံ့ရန် တည်ထောင်ထားသည့် သီးသန့်လွတ်လပ်သော ပုဂ္ဂလိက ဖောင်ဒေးရှင်းဖြစ်သည်။ GFATM အဖွဲ့တွင် အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုဘုတ်အဖွဲ့ ဖွဲ့စည်းထားပြီး ယင်းအဖွဲ့တွင် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဝေဒနာရှင်ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ဝင် ၃၂ဦးဖြင့် ဖွဲ့စည်းထားပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ရုံးအဖွဲ့ထားရှိသည်။ ကမ္ဘာ့ဘဏ်နှင့် UN AIDS တို့မှ ကိုယ်စားလှယ်များသည် မဲပေးပိုင်ခွင့်မရှိသော ကိုယ်စားလှယ်များအဖြစ် ပါဝင်ကြသည်။ GFATM အဖွဲ့သည် ကုလသမဂ္ဂနှင့် မသက်ဆိုင်သည့် ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ Country Coordinating Mechanism (CCM) အဖွဲ့၏ (၁၇)ကြိမ်မြောက် အစည်းအဝေးတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carrol C. Long ရှင်းလင်းဆွေးနွေးစဉ်။ (ကျန်းမာရေး)

ဆွေးနွေး

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော CCM အဖွဲ့ဝင်များဖြစ်သည့် UN AIDS မှ ဌာနေကိုယ်စားလှယ် Mr. Brian J. Williams၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carrol C. Long၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းဖြစ်သော Population Services International မှ ဌာနေကိုယ်စားလှယ် Mr. Guy Stallworthy၊ World Vission International အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Roger Walker, Marie Stope International မှ စီမံချက်ညွှန်ကြားရေးမှူး ဒေါက်တာခင်တာတာ၊ ပြည်တွင်း လူမှုရေးအသင်း အဖွဲ့ဖြစ်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်တို့က ဤကဲ့သို့ GFATM မှ ဆုံးဖြတ်ခြင်းသည် လူသားအချင်းချင်း စာနာထောက်ထားမှုကင်းပြီး မတရားသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ GFATM ၏ မူဝါဒနှင့်လည်း ကိုက်ညီမှုမရှိကြောင်း၊ ကန့်ကွက်ရှုတ်ချသင့်ပါကြောင်း ဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးကလည်း ဆွေးနွေးတင်ပြသည်။

မတရားလုပ်ရပ်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ပြောကြားရာတွင် ယခု CCMအဖွဲ့ဝင်များ ဆွေးနွေးကြသကဲ့သို့ GFATM ၏ ဆုံးဖြတ်ချက်လုပ်ရပ်သည် မမှန်မကန် မတရား တစ်ဖက်သတ် အနိုင်ကျင့်သည့် လုပ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံပြည်သူလူထုနှင့် ဝေဒနာရှင်လူနာအများအပြားကို ထိခိုက်နစ်နာမည်ဖြစ်၍ လူသားအချင်းချင်း စာနာထောက်ထားမှုကင်းသည့် ဆုံးဖြတ်ချက်ဖြစ်သောကြောင့် GFATM ၏ ဆုံးဖြတ်ချက်ကို CCMအဖွဲ့အနေဖြင့် ကန့်ကွက် ရှုတ်ချသင့်ပါကြောင်းနှင့် GFATM ရုံးချုပ်သို့ အကြောင်းပြန်သင့်ပါကြောင်း တင်ပြပြီး CCM အဖွဲ့ဝင်များကလည်း ကန့်ကွက်ရှုတ်ချသင့်ပါကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ (သတင်းစဉ်)

● အေအိုင်ဒီအက်စ်မှ

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ GFATM အဖွဲ့သည် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goals)တွင် ပါဝင်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စသော ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကူအညီပေးနိုင်ရန် ဖွဲ့စည်းထားသောရန်ပုံငွေအဖွဲ့လည်း ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံတွင် GFATM ရန်ပုံငွေအား လမ်းညွှန်ကြီးကြပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော မြန်မာနိုင်ငံ GFATM ရန်ပုံငွေ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ (Country Coordinating Mechanism-CCM)ကိုဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) စသည်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဝေဒနာရှင်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပါသည်။ CCM အဖွဲ့သည် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေရရှိရန် GFATM အဖွဲ့သို့ အဆိုပြုလွှာများ တင်သွင်းခဲ့သည်။ အဆိုပါအဆိုပြုလွှာများကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် စိစစ်ရေးအဖွဲ့မှ စိစစ်သုံးသပ်ပြီး GFATM အဖွဲ့သို့ ထောက်ခံတင်ပြခဲ့သည်။ GFATM မှ မြန်မာနိုင်ငံအတွက် အဆိုပါရောဂါများတိုက်ဖျက်ရန် ရန်ပုံငွေထောက်ပံ့ရေးအတွက် အတည်ပြုခွင့်ပြုခဲ့ပါသည်။

၄။ ယင်းသို့ အဆိုပြုလွှာများကို အတည်ပြုခဲ့သော်လည်း သဘောတူစာချုန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ငွေကြေးထုတ်ပေးခြင်းများကို ဆောင်ရွက်ရာတွင် GFATM အဖွဲ့၏ နှောင့်နှေးမှုများကြောင့် ကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ဥပမာ–တီဘီရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေ အဆိုပြုလွှာကို ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် လက်ခံခွင့်ပြုခဲ့သော်လည်း ရန်ပုံငွေထောက်ပံ့မှုဆိုင်ရာ သဘောတူစာချုန်လွှာကို ၂၀၀၄ခုနှစ် ဩဂုတ်လတွင်မှ လက်မှတ်ရေးထိုးခဲ့သည်။ ရန်ပုံငွေထောက်ပံ့မှုကို ၂၀၀၅ခုနှစ်ဇန်နဝါရီလတွင်မှ စတင်ခဲ့သည်။ မြန်မာနိုင်ငံ CCMအဖွဲ့သည် အတည်ပြုသဘောတူညီခဲ့သော လုပ်ငန်းများကို မဆိုင်းမတွချက်ချင်းဆောင်ရွက်ခဲ့သည်။

၅။ GFATMအဖွဲ့သည် မြန်မာနိုင်ငံအစိုးရနှင့် အဖွဲ့အစည်းအသီးသီးတို့အား ရန်ပုံငွေကိုအပ်နှံခြင်းမပြုခဲ့ပါ။ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ကသာ ရန်ပုံငွေကိုလက်ခံခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အဖွဲ့အစည်းအသီးသီးတို့သည် လုပ်ငန်းဆောင်ရွက်မှုများအတွက် ငွေကြေးကို ကိုင်တွယ် သုံးစွဲခြင်းမပြုဘဲ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှသာ တိုက်ရိုက်ပေးချေသုံးစွဲခဲ့ပါသည်။

၆။ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် GFATM အဖွဲ့သည် ပိုမိုခက်ခဲသော အခြေအနေများဖြစ်ပေါ်စေရန် ဖန်တီးဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများသည် ပြည်သူလူထု၏ အကျိုးအတွက်သည်းခံပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် GFATM အဖွဲ့သည် ရန်ပုံငွေ၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ရာတွင်လည်း နှောင့်နှေးကြန့်ကြာခဲ့ပါသည်။

၇။ ဂျီနီဗာမြို့၊ GFATM အဖွဲ့ လုပ်ငန်းစဉ်အကြီးအကဲဖြစ်သူ မစ္စတာ ဘရက်ဟားဗတ် (Mr. Brad Herbert) ထံမှ ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့စွဲဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာ ချားလ်စ်ပက်ထရီ(Mr. Charles Petrie)ထံသို့ မြန်မာနိုင်ငံသို့ ထောက်ပံ့မည့် GFATMရန်ပုံငွေထောက်ပံ့မှု အစီအစဉ်အား ရပ်ဆိုင်းလိုက်ကြောင်း အကြောင်းကြားစာအရ CCM အဖွဲ့မှသိရှိရပါသည်။

၈။ မြန်မာနိုင်ငံ CCMအဖွဲ့အနေဖြင့် ၎င်းဆုံးဖြတ်ချက်ကို လွန်စွာဝမ်းနည်းစိတ်ပျက်မိပါသည်။ ဤလုပ်ဆောင်ချက်သည် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးတရားများကိုသာ ဖြစ်ပေါ်စေသည်။ GFATMအဖွဲ့၏ အကြောင်းပြချက်များမှာ ခိုင်လုံမှုမရှိသဖြင့် ၎င်းအကြောင်းပြချက်များကို CCM အဖွဲ့အနေဖြင့် လုံးဝငြင်းပယ်သည်။ GFATMအဖွဲ့၏ ဆောင်ရွက်မှုများသည် ဆီလျော်မှုမရှိသည့်အပြင် တရားမျှတမှုလည်းမရှိကြောင်းကို မြန်မာနိုင်ငံ CCMအဖွဲ့က တညီတညွတ်တည်းဆုံးဖြတ်ကြပါသည်။

၉။ ထို့ကြောင့် GFATMအဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းအပေါ် အောက်ဖော်ပြပါ အချက်အလက်များအရ ပြန်လည်သုံးသပ်ရန် မြန်မာနိုင်ငံ CCM အဖွဲ့ဝင်များက တိုက်တွန်းအပ်ပါသည်–

(က) အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများမှာ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်အပြင် အဆိုပြုထားသော စီမံချက်ပါလုပ်ငန်းများမှာ နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုရှိသဖြင့် ရန်ပုံငွေခွင့်ပြုထားပြီးဖြစ်ခြင်း၊

(ခ) GFATM အဖွဲ့က တောင်းဆိုထားသည့်အခြေအနေများမှာ အချိန်ကာလ သတ်မှတ်ချက်ဖြင့် လုပ်ငန်းအခြေပြုဆောင်ရွက်ရမည့် ကိစ္စများအတွက် အဟန့်အတားဖြစ်စေပြီး လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်များ ကျဆင်းစေနိုင်သဖြင့် အချိန်ကန့်သတ်မှုများအား ပိုမိုညှိနှိုင်းနိုင်ရန် လိုအပ်ခြင်း၊

(ဂ) GFATM အဖွဲ့က တောင်းဆိုထားသည့်အချက်များမှာ လုပ်ငန်းလိုအပ်မှုသဘာဝနှင့် ကွဲပြားမှုရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုကို အဟန့်အတားများဖြစ်ပေါ်နေခြင်း၊ လူ့စွမ်းအားများ တိုးတက်မြင့်မားစေသည့် အစီအစဉ်များကို ခွင့်မပြုခြင်းတို့အပြင် GFATM အဖွဲ့မှ တောင်းဆိုသည့် အခြေအနေများမှာ မကြာခဏပြောင်းလဲနေခြင်း၊ တဖြည်းဖြည်း ပိုမိုကျဉ်းကျပ်လာသော အခြေအနေများကို ဖန်တီးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၀။ ဤရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းသည့်ကာလသည် မြန်မာနိုင်ငံတွင် ရောဂါများတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရန်ပုံငွေ အရင်းအမြစ် ကူညီမှုလျော့နည်းသည့်ကာလနှင့် တိုက်ဆိုင်လျက်ရှိပါသည်။ ရန်ပုံငွေအရင်းအမြစ်များ ပိုမိုရှာဖွေရန် အထူးအရေးကြီး လိုအပ်လျက်ရှိသော ကာလလည်းဖြစ်ပါသည်။

၁၁။ GFATM အဖွဲ့အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ဝေဒနာခံစားနေရသော လူသားအားလုံးတို့အတွက် တာဝန်ရှိနေမှုကို သတိပြု၍ ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို အခြေခံကာ မိမိ၏ ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရန် CCM အဖွဲ့က တိုက်တွန်းအပ်ပါသည်။ GFATM အဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းသည် ကုလသမဂ္ဂ ထောင်စုနှစ် ကြေညာစာတမ်း (UN Millennium Declaration) ပါ တန်ဖိုးထားမှုများ (Values)နှင့် မူများ(Principles) တို့နှင့် ဆန့်ကျင်နေသည့်အပြင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်၏ အဋ္ဌမမြောက် ရည်မှန်းချက်ဖြစ်သော ကမ္ဘာတစ်ဝန်းလုံး အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ပေါ်ရေး (Strengthening Global Partnership for Development) ဟူသော ရည်မှန်းချက်နှင့်လည်း ဆန့်ကျင်ရာရောက်သည်ဟု CCM အဖွဲ့ဝင်များက သုံးသပ်ကြသည်။

၁၂။ မြန်မာနိုင်ငံ CCM အဖွဲ့ဝင်များသည် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်။ ဤတရားမျှတမှုမရှိသည့် လုပ်ရပ်အပေါ် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူသားအားလုံးအတွက် လူမှုရေးတရားမျှတမှု (Global Social Justice)ကို အခြေခံ၍ အပြုသဘောတုံ့ပြန်ကြပါရန် မြန်မာနိုင်ငံ CCM အဖွဲ့က တိုက်တွန်းအပ်ပါသည်။

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထု အတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက် ခြင်း ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း နှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဘက်စုံအဆောက်အအုံ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာလှဖေနှင့် တာဝန် ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင် များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ အဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့်တာဝန်ရှိသူများ၊ သင်တန်း နည်းပြဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန် တောင် ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် တို့မှ စီမံချက်ဝင် မြို့နယ်ခြောက်မြို့နယ် တို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီး ဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြား သည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံ ငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ နှင့်ဧည့်သည်များသည် ခန်းမအတွင်း ပြသထားသော အသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်းအတွင်း ရှိ စီမံချက်ဝင်ခြောက်မြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ ဆင့်ပွား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား ရန်ကုန်တိုင်းအတွင်း ရှိ စီမံချက်ဝင် ခြောက်မြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချနိုင်ရန်အတွက် ရန်ပုံငွေကျပ် ၉၁၀၈၀၀၀ ကို ပေးအပ်စဉ်။ (သတင်းစဉ်)

သင်တန်းများ ပြန်လည်ပို့ချရန်အတွက် ရန်ပုံငွေကျပ် ၉၁၀၈၀၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံသည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်း အတွင်းရှိ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့ရှိ မြို့နယ် ခြောက်မြို့နယ်မှ တစ်မြို့နယ်လျှင် ငါးဦးစီ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၀တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့် မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းကွာတားဖိုင်နယ်စတင် စွမ်းအင်အသင်းအနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့် ဖလား ဘောလုံးပြိုင်ပွဲ ပထမကွာတား ဖိုင်နယ်အဖြစ် စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစား ကြရာ စွမ်းအင်အသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လု ပွဲသို့ တက်သွားသည်။

စွမ်းအင်အသင်း — သုံးဂိုး
(နိုင်ဝင်း-နှစ်ဂိုး၊ ဝေယံမောင်-တစ်ဂိုး)
ပြည်ထဲရေးအသင်း — နှစ်ဂိုး
(နေသူလှိုင်)
ဒိုင်လူကြီး — ဦးဝင်းချို

ကျင်းပဆဲ ကွင်းဖွင့်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှစ၍ အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဝင်မည့် ပဏာမကစားသမားများအား မိခင်ကလပ်တွင် ပါဝင်ကစားခွင့်မပြု တော့ရာ ယနေ့ပွဲတွင် ပြည်ထဲရေးမှ ဇော်လင်းထွန်းနှင့် စွမ်းအင်မှ ကျော်ခိုင် ဝင်း၊ ကျော်မင်းလှိုင် (ဂိုး) တို့မပါဝင်ခဲ့ ပေ။ သို့သော် ပူပူနွေးနွေး အာဆီယံ ယူ-၂၀ ချန်ပီယံ မြန်မာလူငယ်အသင်း မှ စိုင်းသန်းအောင် စွမ်းအင်အသင်း တွင် ပါဝင်ကစားသွားခဲ့သည်။

ပွဲအစ ၆ မိနစ်တွင် ဝေယံမောင်က စွမ်းအင်အသင်းအတွက် အဖွင့်ဂိုးစတင် သွင်းယူသည်။ ထို့နောက်ပိုင်းတွင် ပြည်ထဲရေးအသင်း ချေပဂိုးရရှိရန် ပြန်လည်ကြိုးစားလာရာ ၃၂မိနစ်တွင် နေသူလှိုင်က ချေပဂိုး ပြန်လည်သွင်းယူ လိုက်၍ ပထမပိုင်းတွင် တစ်ဂိုးစီ သရေကျနေသည်။

ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်း ကစားကွက် ပျက်သွား၍ စွမ်းအင် အသင်း ပိုမိုဖိကစားလာနိုင်သည်။ ထို့ကြောင့်ပင် တိုက်စစ်မှူး နိုင်ဝင်းက ၁၃ မိနစ်တွင် ဒုတိယဂိုးနှင့် ၃၄ မိနစ် တွင် တတိယဂိုးတို့ကို သွင်းယူခဲ့သည်။ ၃၈ မိနစ်တွင် နေသူလှိုင်က လှလှပပ သွင်းယူ၍ ပြည်ထဲရေးအသင်း ဒုတိယ ချေပဂိုး ရရှိခဲ့သော်လည်း ထပ်မံဂိုး မသွင်းနိုင်တော့၍ စွမ်းအင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
ဘဏ္ဍာ/အခွန်နှင့် သစ်တောရေးရာ

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မေ့ထားလိုတော့မဖြစ်ဘူး (ထွန်းထွန်းဝင်း၊ နေအောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်း ယုလှိုင်)
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	ဇော်ဝင်းထွဋ် Live Show at MCC(2)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	Sunday Talk
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	သုံးဆယ်ရေလှောင်တမံ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ရေဆေးပန်းချီ)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	KND 5B ဒီဇယ်အင်ဂျင်
၁၀း၄၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Permier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၁၀း၀၀	Charlton-Wigan
လိုင်း	5-Cartoons(Delay)
၁၁း၃၀	Premier League Highlights
လိုင်း	5-Cartoons(Delay)
၁း၀၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Cartoons(Live)
၁း၁၀	Portsmouth-Aston Villa Sunderland-Man City
လိုင်း	5-Cartoons(Live)
၃း၃၀	Birmingham-Middlesbrough
လိုင်း	5-Movies(SDD)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများပိုလာမည်

ရန်ကုန် ဩဂုတ် ၂၂

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်း ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအား အသင့် အတင့်ရှိနေသည်။

ဩဂုတ် ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယား ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ များတွင် ထစ်ချုန်းမည့်အခြေအနေများ ပိုများလာမည်။

အာဆီယံ လူငယ်နေ့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

အင်ဒိုနီးရှားနိုင်ငံ Semarangမြို့၌ ဩဂုတ် ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပ မည့် (၁၂)ကြိမ်မြောက် အာဆီယံ လူငယ်နေ့ အစည်းအဝေးနှင့် အာဆီယံ လူငယ်စွမ်းဆောင်ဆုပေးပွဲ အခမ်း အနားသို့ တက်ရောက်ရန်အတွက် အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်းဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးအေးဝင်းနှင့် အာဆီယံ လူငယ်စွမ်းဆောင်ဆုရှင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင် ရှင်များအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သီဂီဝင်းနှင့် လေ့လာသူ များအဖြစ် အသင်းဝင် ဒေါ်ချောစုမြတ် နှင့် ဒေါ်သီရိမြင့်တို့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူ များနှင့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ် အမှုဆောင်အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်ဆက်လက်တည်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၂

သံလွင်မြစ်ရေသည် ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက် အရ ဘားအံမြို့တွင် ၈၁၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေ သည် အနည်းငယ်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှ နောက်လေးရက် အတွင်း စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင် သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက် အရ မဒေါက်မြို့တွင် ၁၁၄၉စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေ သည် အနည်းငယ်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှ နောက်လေး ရက်အတွင်း စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်သည်။ (သတင်းစဉ်)

ရန် ကုန် တိုင်း တောင် ဥက္ကလာပ မြို့နယ် အမှတ်(၂) အ ခြေ ခံ ပ ညာ အ ထက် တန်း ကျောင်း၏ မိဘ ဆရာ အသင်း နှစ်ပတ်လည်ပညာ ရည်ချွန်ဆု ပေးပွဲ အခမ်းအနား ကို ဩဂုတ် ၁၄ရက်က သီရိမြန်မာ ခန်းမ၌ ကျင်းပရာ ကျောင်း အုပ် ဆရာမကြီး ဒေါ်ဌေးဌေးရီ က ၂၀၀၅ ခုနှစ် တက္ကသိုလ် ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် မချိုချိုအေးအား ရွှေတံဆိပ်နှင့် ဂုဏ်ပြု ဆု ချီးမြှင့်စဉ်။ (၆၃)

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

အနာဂါမ်ဆရာသက်ကြီး၏ မူလ ကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ- အုံကြီး)က တောင်ဒဂုံ အမှတ် (၆၃) ရပ်ကွက်၊ စစ်တောင်းလမ်းရှိ စက်မှုဇုန် (၂)ဓမ္မာရုံ၌ ဩဂုတ် ၂၅ရက်မှ ၃၁ရက် တွင် ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ စက်တင်ဘာ၁ရက်မှ ၇ရက်တွင် ညနေ ၆နာရီမှ ၇နာရီခွဲ အထိ ဗိုလ်တထောင်ဘုရား ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် လည်းကောင်း ဟောပြောပို့ချမည် ဖြစ်ရာ မည်သူမဆို လာရောက် တရား အားထုတ်နိုင်သည်။ (က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ် သည်။

မြန်မာလူငယ်အသင်း၏ အောင်ပွဲသည် အနာဂတ်နိုင်ငံတကာပြိုင်ပွဲများ၌ အောင်ပွဲဆင်နိုင်ရန် သွေးသစ်လောင်းမည့်ခြေလှမ်းသစ် မှတ်တိုင်တစ်ခုကို ပြန်လည်စိုက်ထူပေးခဲ့ခြင်းဖြစ် တစ်မျိုးသားလုံးက မြန်မာ့အားကစား ပြန်လည်ဦးမော့လာရေး တစ်ခဲနက်အားပေးချီးမြှောက် အောင်မြင်မှုအချို့ ရရှိဖြင့် အားရတင်းတိမ်မနေဘဲ ရည်မှန်းချက်မြင့်မြင့်မားမားထား ကြိုးစားအားထုတ်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် အာဆီယံ အသက် (၂၀)အောက် ချန်ပီယံ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆီဒိုးနားဟိုတယ်သို့ ည ၆ နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာရာ အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက ကြိုဆိုကြသည်။

တက်ရောက်

ဂုဏ်ပြုခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အောင်ပွဲရ အာဆီယံအသက်(၂၀)အောက် ချန်ပီယံ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ အသင်းကိုယ်စား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာလူငယ်ဘောလုံးအသင်း နည်းပြချုပ် ဦးတင်ဟန်တို့က လက်ခံယူစဉ်။

(သတင်းစဉ်)

အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားကာကွယ်နှိမ်နင်းရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်နေ ရောဂါကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် GFATM အဖွဲ့သည် ပိုမိုခက်ခဲစေရန် ဖန်တီး GFATM အဖွဲ့၏ မြန်မာနိုင်ငံသို့ ရန်ပုံငွေထောက်ပံ့မှု ရပ်ဆိုင်းခြင်းအပေါ် ပြန်လည်သုံးသပ်ရန်တိုက်တွန်း

ရန်ကုန် ဩဂုတ် ၂၂

ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria-GFATM) ၏ မြန်မာနိုင်ငံအတွက် GFATM ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ GFATM ရန်ပုံငွေညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ (CCM)၏ သဘောထားထုတ်ပြန်ချက်ကို ၂၀၀၅ ခုနှစ် ဩဂုတ်လ (၁၉)ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါသဘောထား ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီ နှင့် ငှက်ဖျားရောဂါ
တိုက်ဖျက်ရေးလုပ်ငန်းရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS,
Tuberculosis and Malaria -GFATM) ၏
မြန်မာနိုင်ငံအတွက် GFATM ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းနှင့်စပ်လျဉ်း၍
မြန်မာနိုင်ငံ GFATM ရန်ပုံငွေ ညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ (CCM) ၏
သဘောထားထုတ်ပြန်ချက်
၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

၁။ မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါများ ကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသတွင်းရှိနိုင်ငံများတွင် ကူးစက်ရောဂါများကြောင့် ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းများတွင် ငှက်ဖျား၊ တီဘီနှင့် အေအိုင်ဒီအက်စ် ရောဂါများသည် အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိပါသည်။ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် ကျယ်ပြန့်စွာ ပူးပေါင်း၍ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့ GFATM သည် အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလိုအပ်သော တိုင်းပြည်များအတွက် အလှူရှင်နိုင်ငံများမှ ရန်ပုံငွေထည့်ဝင်၍ တည်ထောင်ဖွဲ့စည်းထားသည့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ●